International
Labour
Organization

# မြန်မာနိုင်ငံတွင် ကိုဗစ် – ၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှု – အထည်ချုပ်လုပ်ငန်းကဏ္ဍရှိ အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများဆိုင်ရာ လေ့လာချက်

အိုင်အယ်(လ်)အို ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံး (မြန်မာနိုင်ငံ)

# မြန်မာနိုင်ငံတွင် ကိုဗစ် – ၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှု – အထည်ချုပ်လုပ်ငန်းကဏ္ဍရှိ အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများဆိုင်ရာ လေ့လာချက်

အိုင်အယ်(လ်)အို ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံး (မြန်မာနိုင်ငံ)

မြန်မာနိုင်ငံတွင်ကိုဗစ်-၁၉ကပ်ရောဂါ၏ရိုက်ခတ်မှု-အထည်ချုပ်လုပ်ငန်းကဏ္ဍရှိအလုပ်ထုတ်ပယ်ခံရသည့်အလုပ်သမားများဆိုင်ရာလေ့လာချက်

Copyright © အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ၂၀၂၁

ဤစာစောင်ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံးက ပုံနှိပ်ထုတ်ဝေထားပြီး၊ Universal Copyright Convention ၏ ပရိုတိုကောလ် (၂) အရ၊ မူပိုင်ခွင့်ရရှိထားသော စာစောင်ဖြစ်ပါသည်။ ဤစာစောင်မှ ကောက်နှုတ်ချက်အချို့အားအသုံးပြုပါက၊ မူရင်းစာစောင်မှအရင်းအမြစ်များကို ညွှန်းပြကိုးကားထားလျှင် ခွင့်ပြုချက်တောင်းခံရန်မလိုပါ။ သို့သော်၊ ပြန်လည်ထုတ်ဝေခွင့် သို့မဟုတ် ဘာသာပြန်ခွင့်အတွက်ဆိုပါမူ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှပုံနှိပ်ထုတ်ဝေသည့် (ထုတ်ဝေခွင့်နှင့် လိုင်စင်) ဌာန (အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၊ CH1211, Switzerland လိပ်စာဖြင့်သော်လည်းကောင်း၊ email : rights@ilo.org သို့လည်းကောင်း လျှောက်ထားနိုင်သည်။

ဤရည်ရွယ်ချက်အလို့ငှာ၊ ယင်းတို့ကိုထုတ်ဝေထားသည့် လိုင်စင်များနှင့်အညီ၊ ပြန်လည်ထုတ်ဝေခွင့်ရသည့် အဖွဲ့အစည်းတွင် မှတ်ပုံတင်ထားသော စာကြည့်တိုက်များ၊ အသင်းအဖွဲ့များနှင့် အခြားသော အသုံးပြုသူများအနေဖြင့် မိတ္တူပွားနိုင်ပါသည်။ သင့်နိုင်ငံရှိ ပြန်လည်ထုတ်ဝေခွင့်ရသည့် အဖွဲ့အစည်းများကိုရှာဖွေရန် www.ifrro.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

---

အင်္ဂလိပ်ဘာသာဖြင့်

ISBN: 9789220349380 (Print)

ISBN: 9789220349397 (Web PDF)

မြန်မာဘာသာဖြင့်

ISBN: 9789220349403 (Print)

ISBN: 9789220349410 (Web PDF)

---

အိုင်အယ်(လ်)အိုက ထုတ်ဝေရာတွင် ကုလသမဂ္ဂက ထုတ်ဝေသည့်ပုံစံများအတိုင်း ထုတ်ဝေခြင်းဖြစ်ပြီး၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံး၏ အယူအဆ၊ မည်သူတစ်ဦးတစ်ယောက်၏အတွေးအခေါ်၊ မည်သည့်နိုင်ငံ၊ နယ်ပယ် သို့မဟုတ် နယ်မြေ သို့မဟုတ် နယ်စပ်ရှိ အာဏာပိုင်တို့၏ အတွေးအခေါ် အယူအဆများ မပါဝင်ပါ။

အခြားစာရေးဆရာများ၏ပါဝင်ရေးသားမှု၊ ဆောင်းပါးများ၊ လေ့လာချက်များသည် စာရေးသူတစ်ဦးချင်းစီ၏ ယူဆချက်များသာဖြစ်ကြောင်းနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံးက လက်မှတ်ရေးထိုးထောက်ခံထားခြင်းမရှိပါ။

အဖွဲ့အစည်းများ၏အမည်များ၊ စီးပွားဖြစ်ထုတ်ကုန်များနှင့် လုပ်ငန်းစဉ်များအားဖော်ပြရာတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံးက ထိုအဖွဲ့အစည်းများအား ထောက်ခံခြင်းဖြစ်သည်ဟု မဆိုလိုသကဲ့သို့ ဖော်ပြရန်ကျန်ခဲ့ပါကလည်း အဆိုပါအဖွဲ့များအား မထောက်ခံဟု မဆိုလိုပါ။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံးအဖွဲ့က ထုတ်ဝေထားသည့် သတင်းအချက်အလက်များနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များအကြောင်းကို www.ilo.org/publns တွင် ကြည့်ရှုနိုသည်။

---

မြန်မာပြည်တွင် ပုံနှိပ်သည်။

# ကျေးဇူးတင်လွှာ

အိုင်အယ်(လ်)အိုအတွက် ဤသုတေသနကို ဂျာမဏီနိုင်ငံ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖက်ဒရယ်ဝန်ကြီးဌာန (BMZ) ကိုယ်စား Deutsche Gesellschaft Fur Internationale Zusammenarbeit (GIZ) ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် စီးပွားနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CESD) က ဆောင်ရွက်ခဲ့ပါသည်။

ဤအစီရင်ခံစာ ထွက်ပေါ်လာရေးအတွက် ပါဝင်ဖြည့်ဆည်းဆောင်ရွက်မှုများကို အာရှ–ပစိဖိတ်ဒေသဆိုင်ရာ အိုင်အယ်(လ်)အို ရုံး၊ အိုင်အယ်(လ်)အို (မြန်မာ) ရုံး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် (CTUM)၊ မြန်မာနိုင်ငံစက်မှုလက်မှု အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (IWFM)၊ မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း ပေါင်းစုံအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် (MICS–TUsF) နှင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) တို့က ဖြည့်ဆည်းဆောင်ရွက် ပေးပါသည်။

# စကားချီး

ကိုဗစ် – ၁၉ ကပ်ရောဂါသည် အထည်ချုပ်လုပ်ငန်းကဏ္ဍကို ရိုက်ခတ်ခဲ့ပြီးဖြစ်သလို၊ ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်ဖြန့်ဖြူးမှုကွင်းဆက်၏ ကဏ္ဍတိုင်းတွင် ယင်း၏ရိုက်ခတ်မှုဒဏ်ကို ခံစားခဲ့ကြရသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။ နိုင်ငံတွင် အလုပ်အကိုင်များနှင့် အသက်မွေးမှုအတွက် အဓိကဖြည့်ဆည်း ဆောင်ရွက်ပေးသည့် မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍသည် ယင်းကပ်ရောဂါကို လွှဲရှောင်၍မရဘဲ၊ ကပ်ရောဂါကိုတုန့်ပြန်ရန်နှင့် ပြန်လည်နလန်ထူရန်အတွက် အရေးပါသည့်စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

ဂျာမဏီနိုင်ငံ၏ စီးပွားရေးမူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖက်ဒရယ်ဝန်ကြီးဌာန (BMZ) ကိုယ်စား Deut–sche Gesellschaft Fur Internationale Zusammenarbeit (GIZ) ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် အိုင်အယ်(လ်)အိုသည် အထည်ချုပ်လုပ်ငန်းကဏ္ဍအပေါ် ကိုဗစ် – ၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုနှင့်စပ်လျဥ်းသည့် လေ့လာမှုနှစ်ခုပြုလုပ်ရန် လုပ်ငန်းတာဝန်ပေးအပ်ခဲ့ပါသည်။

စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CESD) က တာဝန်ယူဆောင်ရွက်ခဲ့သည့် ဤလေ့လာမှုသည် အလုပ်သမားများ၏ အလုပ်အကိုင်တည်မြဲမှုအတွက် ကိုဗစ် – ၁၉ ၏ နောက်ဆက်တွဲအကျိုးဆက်များနှင့်စပ်လျဥ်း၍ အရေးကြီးသည့် အသိအမြင်များကို ဖြည့်ဆည်းပံ့ပိုးပေးပါသည်။ ယင်းလေ့လာမှုသည် အစားအသောက်၊ ငွေလွှဲပို့ခြင်းနှင့် နေရာထိုင်ခင်းများအတွက် အလုပ်ထုတ်နစ်နာကြေးများကို သုံးစွဲခဲ့ကြရသည့် အလုပ်ထုတ်ပယ်ခံရသော အလုပ်သမားများ၏ ထိခိုက်လွယ်သည့်အခြေအနေများကို အထူးအလေးပေးပုံဖော်ထားပါသည်။ အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများသည် တရားမဝင် ငွေတိုးချေးစားသူများထံမှ အတိုးနှုန်းကြီးမားစွာဖြင့် ငွေချေးယူခဲ့ကြရပါသည်။

ဤအစီရင်ခံစာက ထိခိုက်ခံစားကြရသည့် အလုပ်သမားများအတွက် ကာလတိုငွေလွှဲပို့ခြင်းများ၏ အခန်းကဏ္ဍနှင့် ဆက်စပ်မှုတို့သည် ၎င်းတို့၏ အခြေခံလိုအပ်မှုများနှင့် ကိုက်ညီမှုရှိကြောင်း ပုံဖော်ထားပါသည်။ နေရာတိုင်းတွင် လူသားတို့၏ အသက်မွေးမှုကို ခြိမ်းခြောက်လျက်ရှိသော အနာဂတ်တွင် ဖြစ်ပေါ်လာမည့် စီးပွားရေးဆိုင်ရာ တုန်လှုပ်ခြောက်ခြားဖွယ်ရ အခြေအနေများကို စီမံဆောင်ရွက်ရန်အတွက် ကုံလုံပြည့်စုံသည့် အလုပ်လက်မဲ့အာမခံအစီအစဥ်တစ်ရပ် ချမှတ်ဆောင်ရွက်ခြင်းကဲ့သို့သော ရေရှည်လူမှုဖူလုံရေးဆိုင်ရာ ဆောင်ရွက်မှုများ၏ အရေးပါသည့်အခန်းကဏ္ဍကိုလည်း အစီရင်ခံစာက အလေးထားဖော်ပြထားပါသည်။

ဤအစီရင်ခံစာသည် ကမ္ဘာ့ကပ်ရောဂါနှင့် ၂၀၂၁ ခုနှစ်တွင် အထည်ချုပ်လုပ်ငန်းကဏ္ဍကို ထိခိုက်စေသည့် အခြားပြင်းထန်ဆိုးဝါးသည့် စိန်ခေါ်မှုများကို တုန့်ပြန်ဆောင်ရွက်ရန်နှင့် ယင်းကပ်ရောဂါကြောင့် ဖြစ်ပေါ်သည့်အခြေအနေများမှ ပြန်လည်နလန်ထူရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် ကြိုးပမ်းအားထုတ်ဆောင်ရွက်မှုများအတွက် လိုအပ်မှုများ ဖြည့်ဆည်းပံ့ပိုးပေးမည်ဟု မျှော်လင့်ပါသည်။

**Donglin Li**

**အိုင်အယ်(လ်)အို ဆက်သွယ်ညှိနှိုင်းရေးအရာရှိ/ကိုယ်စားလှယ်**

# မာတိကာ


၁။ နိဒါန်း ၁

၂။ ဤသုတေသနလေ့လာမှု၏ ရည်ရွယ်ချက် ၃

  ၂.၁။ နည်းစနစ် ၃

  ၂.၂။ တုန့်ပြန်ဖြေကြားသူများ၏ ထူးခြားသည့် လက္ခဏာများ ၅

၃။ ခြုံငုံသုံးသပ်ခြင်း ၇

  ၃.၁။ ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပေါ်သည့် အချိန်ကာလအတွင်း ကမ္ဘာလုံးဆိုင်ရာ အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ အခြေအနေ ၇

  ၃.၂။ မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍနှင့် ကိုဗစ် – ၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှု ၈

၄။ အလုပ်ထုတ်ပယ်ခံရသည့်အလုပ်သမားများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ ၁၀

  ၄.၁။ အလုပ်ထုတ်ပယ်ခံရသည့်အလုပ်သမားများ၏ အတွေ့အကြုံများ ၁၀

  ၄.၂။ ရွှေ့ပြောင်းနေထိုင်သည့် အတွေ့အကြုံများ ၁၅

  ၄.၃။ ငွေလွှဲပို့ခြင်းနှင့် မိသားစုအားထောက်ပံ့ခြင်း ၁၆

  ၄.၄။ ကိုင်တွယ်ဖြေရှင်းသည့် နည်းဗျူဟာများ ၁၇

၅။ အလုပ်အကိုင် ပြန်လည်ရရှိသည့် အတွေ့အကြုံများ ၁၉

  ၅.၁။ အလုပ်အကိုင်အသစ်တွင် ကြုံတွေ့ရသည့် အခြေအနေများ ၂၀

၆။ နိဂုံး ၂၃

၇။ မှီငြမ်း ၂၅

# ၁။ နိဒါန်း

၂၀၁၉ ခုနှစ်တွင်၊ အာရှ–ပစိဖိတ်ဒေသရှိ အထည်ချုပ်အလုပ်သမားထုသည် ကမ္ဘာ့အထည်ချုပ်အလုပ်သမားများ[1]၏ ၇၅ ရာခိုင်နှုန်းရှိပြီး၊ ကမ္ဘာ့ကပ်ရောဂါသည် ခန့်မှန်းခြေအားဖြင့် အလုပ်သမားပေါင်း ၆၅ သန်း၏ ဘ၀အသက်မွေးမှု ရင်းမြစ်များ[2]ကို ထိခိုက်စေခဲ့သည်မှာ အထင်အရှားပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်၊ အလုပ်သမားပေါင်း ၆၃၀၀၀၀ နီးပါး အလုပ်လုပ်ကိုင်လျက်ရှိသော ပို့ကုန်ဦးစားပေး စက်ရုံပေါင်း ၆၈၅ ရုံရှိခဲ့ပြီး၊ ၂၀၁၉ ခုနှစ်ကုန် မှတ်တမ်းအရ၊ နိုင်ငံရှိ လုပ်သားထု၏ ၃ ရာခိုင်နှုန်းဖြစ်ပါသည်။ ပို့ကုန်ဦးစားပေးစက်ရုံများ၏ အဓိကစီးပွားရေးပုံစံကို ပြည်တွင်းဈေးကွက်ထက် ပြည်ပပို့ကုန်များက မောင်းနှင်လည်ပတ်စေခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပို့ကုန်နည်းမဟာဗျူဟာ (၂၀၁၅ – ၂၀၁၉) သည် အ၀တ်အထည်နှင့် အထည်အလိပ်လုပ်ငန်းကို ဦးစားပေးလုပ်ငန်းကဏ္ဍတစ်ခုအဖြစ် သတ်မှတ်ခဲ့ကာ၊ အလုပ်အကိုင်အတွက် အရေးပါသည့်မောင်းနှင်အားအဖြစ် ညွှန်းဆိုထားပါသည်။[3] နှစ်အတန်ကြာလာသည်နှင့်အမျှ အထည်ချုပ်လုပ်ငန်းကဏ္ဍသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည့် ဖြည့်ဆည်းပံ့ပိုးပေးသောအရာတစ်ခုအနေဖြင့် အရှိန်အဟုန်ဖြစ်ပေါ်စေခဲ့ပါသည်။ သို့သော်၊ ကိုဗစ် – ၁၉ သည် ယင်းစက်မှုလုပ်ငန်း၏ အနာဂတ်ကြီးထွားတိုးတက်မှု အလားအလာများကို ယိမ်းယိုင်စေရန် ခြိမ်းခြောက်လျက်ရှိပါသည်။

ကမ္ဘာ့အဆင့်၊ ဒေသဆိုင်ရာအဆင့်နှင့် နိုင်ငံအဆင့်များတွင် ကိုဗစ် – ၁၉ ၏ တိုက်ရိုက်အကျိုးဆက်များထဲမှတစ်ခုမှာ အထည်ချုပ်အလုပ်သမားများအကြား အလုပ်အကိုင်တည်မြဲမှုကို ကျဆင်းစေခဲ့ခြင်းဖြစ်ပြီး၊ အလုပ်အကိုင်ယာယီဆုံးရှုံးမှုနှင့် အလုပ်အကိုင်အမြဲဆုံးရှုံးမှုတို့ကို ဖြစ်ပေါ်စေခဲ့ပြီးဖြစ်ပါသည်။ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (CESD–ILO) တို့၏ မကြာခင်ကပြုလုပ်ခဲ့သည့်လေ့လာမှု (၂၀၂၀) အရ၊ မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခဲ့သည့် အထည်ချုပ်စက်ရုံများတွင် ရှိနေသည့်လုပ်သားထုသည် အနည်းဆုံး ၁၀ ရာခိုင်နှုန်း လျှော့ချခဲ့ပြီးဖြစ်ပါသည်။[4] သို့ဖြစ်၍၊ အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ၏ အခြေအနေကို သိမြင်နားလည်ခြင်းသည် ၎င်းတို့၏ကောင်းကျိုးချမ်းသာကို အကာအကွယ်ပေးရန်နှင့် ၎င်းတို့၏ လူ့ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်အတွက် မူဝါဒများနှင့် နည်းဗျူဟာများချမှတ်ဆောင်ရွက်ရာတွင် အရေးကြီးပါသည်။

ဝင်ရောက်ဆောင်ရွက်ရန် အရေးတကြီးအလိုအပ်ဆုံးသော နယ်ပယ်ကဏ္ဍများနှင့်ပတ်သက်ပြီး ပိုမိုကောင်းမွန်စွာသိရှိနားလည်နိုင်စေရန်အတွက် ဤသုတေသနလေ့လာမှုသည် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ၏ တွေ့ကြုံခံစားမှုများကို လေ့လာဖော်ထုတ်ထားပါသည်။ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် CESD သည် အလုပ်သမား ၁၅၀ ဦးကို သုတေသနစစ်တမ်းလုပ်ဆောင်ခဲ့ပြီး၊ အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများအား စနစ်မကျတစ်ကျပုံစံ

1 ဤနေရာတွင် အထည်ချုပ်လုပ်ငန်းကဏ္ဍကို အထည်အလိပ်၊ အဝတ်အထည်၊ သားရေ/ခြေ၀တ်ပစ္စည်းဟူ၍ ရည်ညွှန်းပါသည်။ သို့သော်၊ ဤအစီရင်ခံစာ၏ အနေအထားတွင် မြန်မာနိုင်ငံရှိအထည်ချုပ်လုပ်ငန်းကဏ္ဍကို အဝတ်အထည်ချုပ်လုပ်သည့်လုပ်ငန်းဟူ၍ ရည်ညွှန်းပါသည်။

2 အိုင်အယ်(လ်)အို၊ ၂၀၂၀ ခုနှစ်၊ စာ – ၂။

3 NES, 2015, p. 84.

4 စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ ၂၀၂၀ ခုနှစ်။ မြန်မာနိုင်ငံတွင် ကိုဗစ် – ၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှု – အထည်ချုပ်အလုပ်သမားများ၏ ဝင်ငွေဆုံးရှုံးမှုကို အကဲဖြတ်ဆန်းစစ်ခြင်း။

ဖြင့် လူတွေ့မေးမြန်းခြင်း ၅ ကြိမ် ပြုလုပ်ခဲ့ကာ၊ အရေအတွက်နှင့် အရည်အသွေးပြည့်မီသော လူတွေ့မေးမြန်းခြင်းများမှ စုဆောင်းထားသည့် အချက်အလက်များကို ဖော်ပြထားပါသည်။ ဤလေ့လာမှုသည် အထည်ချုပ်လုပ်ငန်းကဏ္ဍရှိ အထည်ချုပ် အလုပ်သမားများအပေါ် ကိုဗစ် – ၁၉ ကပ်ရောဂါ၏ရိုက်ခတ်မှုအား ခြုံငုံသုံးသပ်ခြင်းနှင့် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ ရင်ဆိုင်ကြုံတွေ့ရသည့်စိန်ခေါ်မှုများကို သိရှိနားလည်စေရန် ရည်ရွယ်သော စိစစ်စိတ်ဖြာမှုတစ်ရပ်ကိုလည်း ဖြည့်ဆည်းပံ့ပိုးပေးထားပါသည်။ အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ အလုပ်ရှာဖွေသည့် လုပ်ငန်းစဉ်၊ ၎င်းတို့ အလုပ်ပြန်လည်ရရှိနိုင်မည့် အလားအလာများနှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ ကြုံတွေ့ရသည့် အတွေ့အကြုံများကိုလည်း လေ့လာဖော်ထုတ်ထားပါသည်။ နောက်ဆုံးအနေဖြင့်၊ ဤအစီရင်ခံစာသည် အဓိကတွေ့ရှိချက်များကို ဖော်ပြထားကာ၊ လက်ရှိအချိန်နှင့် နောင်အနာဂတ်တွင် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများအား ပံ့ပိုးကူညီနိုင်မည့် နည်းလမ်းနှင့်စပ်လျဉ်းသည့် မူဝါဒဆိုင်ရာ အကြံပြုတိုက်တွန်းချက်များနှင့် ယင်းတွေ့ရှိ ချက်များကို ဆက်စပ်ပေးပါသည်။

# ▶ ၂။ ဤသုတေသနလေ့လာမှု၏ ရည်ရွယ်ချက်

## ၂.၁။ နည်းစနစ်

ဤလေ့လာမှုသည် ၂၀၂၀ ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် CESD က လုပ်ဆောင်ခဲ့သည့် အထည်ချုပ်အလုပ်သမားသုတေသနစစ်တမ်း၊ အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများအား ပြုလုပ်သည့် တစ်စိတ်တစ်ပိုင်းပုံဖော်ချမှတ်ထားသော လူတွေ့မေးမြန်းမှုများနှင့် အထည်ချုပ်လုပ်ငန်းရှိ အလုပ်သမားအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် အဖွဲ့လိုက်ဆွေးနွေးမှုများ (FGDs) အပေါ်တွင် မူတည်ပါသည်။ သုတေသနစစ်တမ်းသည် ရန်ကုန်တွင်တည်ရှိသော အထည်ချုပ်စက်ရုံ ၆၀ (မြန်မာနိုင်ငံရှိ[5] ဖြတ်၊ ချုပ်လုပ်၊ ထုပ်ပိုးမှုများလုပ်ဆောင်လျက်ရှိသော အထည်ချုပ်စက်ရုံများ၏ ၁၂ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်) မှ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် အလုပ်ထုတ်ပယ်ခံရသည့် အထည်ချုပ်အလုပ်သမား ၁၅၀ နှင့် အကျုံးဝင်ပါသည်။ နမူနာကောက်ယူသည့်မူဘောင်မရှိခြင်းကြောင့် ဤလေ့လာမှုတွင်ပါဝင်သည့် တုန့်ပြန်ဖြေကြားသူများအား ကျပန်းပုံစံကိုအခြေခံပြီး ရွေးချယ်ထားခြင်းမဟုတ်ပါ။ လေ့လာမှု အတွက် တုန့်ပြန်ဖြေကြားသူများနှင့်ပတ်သက်ပြီး အရည်အချင်းပြည့်မီမှုစံနှုန်းများသည် ကိုဗစ် – ၁၉ ကပ်ရောဂါ ဖြစ်ပေါ်သည့်ကာလအတွင်း (ဖေဖော်ဝါရီလမှစတင်ပြီး) အလုပ်ထုတ်ပယ်ခံရသည့်သူများက တုန့်ပြန်ဖြေကြားသူများဖြစ်ပါသည်။ ယင်းတို့အနက်မှ တစ်ဝက်ကို CESD က ပြုစုထားသော ဆက်သွယ်ရမည့် အလုပ်သမားစရင်းကိုအခြေခံလျက် ဆက်သွယ်ဆောင်ရွက်ခြင်းဖြစ်ကာ၊ ကျန်တစ်ဝက်မှာမူ Smart TaG–Myan Ku (ဥရောပသမဂ္ဂ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့်ဆောင်ရွက်သည့် စီမံကိန်း) က ပြုစုထားသည့် အလုပ်သမားစာရင်းမှ အလုပ်သမားများဖြစ်ပါသည်။ ဤသုတေသနလေ့လာမှုသည် (၁) အလုပ်ထုတ်ပယ်ခံရပြီးနောက် အလုပ်သမားများ ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ (၂) ယင်းအလုပ်သမားများ၏ ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းများ၊ (၃) ငွေလွှဲပို့ခြင်းအပေါ် အလုပ်ထုတ်ပယ်ခံရခြင်း၏ ရိုက်ခတ်မှုနှင့် (၄) အလုပ်အကိုင် ရှာဖွေမှုများနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် အတားအဆီးများနှင့်ပတ်သက်သော အလုပ်သမားများ၏ အတွေ့အကြုံများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များကို စုဆောင်းခဲ့ပါသည်။

အရည်အသွေးပြည့်ဝသည့် သုတေသနစစ်တမ်းမေးခွန်းလွှာကို အကျဉ်းအတည်းအခက်အခဲအား အကဲဖြတ်ဆန်းစစ်ခြင်း၊ အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ၊ ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် လုပ်သားဈေးကွက်ဆိုင်ရာ အတားအဆီးများကို အလေးထားသည့် စာရွက်စာတမ်းများနှင့် မြန်မာနိုင်ငံရှိအထည်ချုပ်လုပ်ငန်းအပေါ် ကိုဗစ်–၁၉ ၏ရိုက်ခတ်မှုနှင့်ပတ်သက်ပြီး ILO–CESD တို့၏ လေ့လာတွေ့ရှိချက်များကို အခြေခံလျက် ဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။ သုတေသနမေးခွန်းလွှာနှင့်ပတ်သက်ပြီး အိုင်အယ်(လ်)အိုမှ ကျွမ်းကျင်ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးခဲ့ပါသည်။ အချက်အလက်များ မကောက်ယူမီ၊ အချက်အလက်များ ခိုင်လုံမှုရှိစေရေးအတွက် မကြာသေးမီက အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမား ၆ ဦးဖြင့် သုတေသနမေးခွန်းလွှာကို စမ်းသပ်မေးမြန်းမှုများလုပ်ဆောင်ခဲ့ပါသည်။

5 မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ အဆိုအရ၊ ၂၀၂၀ ခုနှစ်၊ မတ်လမှစ၍ ဖြတ်၊ ချုပ်လုပ်၊ ထုပ်ပိုးမှုများလုပ်ဆောင်လျက်ရှိသည့် အထည်ချုပ်စက်ရုံပေါင်း ၄၈၈ ရုံရှိပါသည်။

အဖွဲ့လိုက်ဆွေးနွေးမှုများ (FGDs) နှင့် ပိုမိုလေးနက်သည့် အဓိကသတင်းပေးသူများနှင့် လူတွေ့မေးမြန်းမှုများ (KIIs) သည် ဧရာဝတီတိုင်းဒေသကြီးတွင် အလုပ်ထုတ်ပယ် ခံရသည့် အလုပ်သမားများ၏မိသားစုများနှင့် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းများကို နေရာချထားပေးရန် ရည်ရွယ်ပါသည်။ ဝမ်းနည်းစရာကောင်းသည်မှာ မြန်မာနိုင်ငံတွင် ကိုဗစ် – ၁၉ ဒုတိယလှိုင်းဖြစ်ပေါ်ခြင်း ကြောင့် ယင်းအစီအစဉ်ကို ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။

ဖြည့်စွက်သည့်အချက်အလက်များသည် အထည်ချုပ်လုပ်ငန်းရှိ အလုပ်သမားအဖွဲ့အစည်း ကိုယ်စားလှယ်များက ပြည့်စုံအောင်ဖြည့်စွက်ပေးသည့် အဖွဲ့လိုက်ဆွေးနွေးမှုများအပေါ် အခြေခံကာ၊ ယင်းတို့အားလုံးကို အိုင်အယ်(လ်)အို၊ ရန်ကုန်ရုံးက ပံ့ပိုးဆောင်ရွက်ပေးလျက်၊ နောက်ဆက်တွဲလူတွေ့ မေးမြန်းမှုများကို အလုပ်သမားအဖွဲ့အစည်း ကိုယ်စားလှယ်နှင့် အလုပ်သမားဦးစီးဌာနမှ အစိုးရအရာရှိတို့နှင့် ဆောင်ရွက်ခဲ့ပါသည်။ အချက်အလက် အရည်အသွေးကို ထိန်းသိမ်းရန်အတွက် သုတေသနလေ့လာမှုအချက်အလက်များအားလုံးကို KoBo Toolbox survey[6] ကို အသုံးပြုလျက် တယ်လီဖုန်းမှ တစ်ဆင့် ကောက်ယူထားပါသည်။

### ဇယား (၁) – သုတေသနပြုလုပ်ရာတွင်ပါဝင်သော အလုပ်သမားများလုပ်ကိုင်ခဲ့သည့် စက်ရုံများ၏ တည်နေရာ

| မြို့နယ်များ | လူတွေ့မေးမြန်းရာတွင်ပါဝင်သည့် အလုပ်သမားအရေအတွက် |
|---|---|
| လှိုင်သာယာ | ၈၃ |
| အရှေ့ဒဂုံ | ၁၂ |
| မြောက်ဥက္ကလာပ | ၁၂ |
| မင်္ဂလာဒုံ | ၉ |
| တောင်ဒဂုံ | ၈ |
| ဒဂုံဆိပ်ကမ်း | ၇ |
| မှော်ဘီ | ၅ |
| ရွှေပြည်သာ | ၃ |
| တောင်ဥက္ကလာပ | ၃ |
| အခြားမြို့နယ်များ | ၈ |

6 ယင်းနည်းလမ်းကို အောက်ပါအတိုင်း ရှင်းလင်းဖော်ပြထားပါသည်။ "KoBo Toolbox ဆိုသည်မှာ စိန်ခေါ်မှုများရှိနေသည့် ဝန်းကျင်များတွင် သုတေသနစစ်တမ်းကောက်ယူမှုအတွက် အသုံးပြုသည့် နည်းလမ်းအစုစုဖြစ်ပါသည်။ အသုံးပြုသူအများစုသည် လူသားချင်းစာနာမှုဆိုင်ရာ အခက်အခဲအကျပ်အတည်းများတွင် လုပ်ကိုင်နေသူများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လုပ်ကိုင်လျက်ရှိသည့် ကျွမ်းကျင်ပညာရှင်များနှင့် သုတေသနစစ်တမ်းပြုစုသူများဖြစ်ပါသည်။ နည်းလမ်းများကို ချမှတ်ဖော်ဆောင်သူများနှင့် သုတေသနဆောင်ရွက်သည့် ကျွန်ုပ်တို့အဖွဲ့များသည် ကင်းမ်ဘရစ်(ချ်)၊ MA နှင့် ကမ္ဘာတစ်ဝှမ်းရှိ အခြားသောနေရာများတွင် အခြေစိုက်ပါသည် (KoBo Toolbox)။

## ၂.၂။ တုန့်ပြန်ဖြေကြားသူများ၏ ထူးခြားသည့် လက္ခဏာများ

ဤလေ့လာမှုသည် အဓိကအားဖြင့် ရန်ကုန်မြို့ရှိ စက်မှုဇုန်များတွင်တည်ရှိသော အထည်ချုပ်စက်ရုံ ၆၀ မှ အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမား ၁၅၀ နှင့် အကျုံးဝင်ပါသည်။ ယင်းတုန့်ပြန်ဖြေကြားသူများထဲမှ ၈၄ ရာခိုင်နှုန်းသည် အမျိုးသမီးအလုပ်သမားများ ဖြစ်ပါသည်။ ဇယား (၂) တွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း၊ တုန့်ပြန်ဖြေကြားသူများထဲမှ ၃ ပုံ ၂ ပုံကျော်သည် အိမ်ထောင်မရှိသူ လူလွတ်များဖြစ်ကာ၊ ယင်းတို့အထဲမှ ၆၆ ရာခိုင်နှုန်းသည် အသက် ၂၅ နှစ် အရွယ်အောက်ရှိသူများ ဖြစ်ပါသည်။ အထူးသဖြင့်၊ တုန့်ပြန်ဖြေကြားသူများထဲမှ ၇ ရာခိုင်နှုန်းသာ ၃၅ နှစ်အထက် အသက်အရွယ်ရှိသူများဖြစ်ပြီး၊ ၎င်းတို့အများစုသည် ရန်ကုန်ဇာတိဖြစ်ကြပါသည်။ အိမ်ထောင်ရှိသော တုန့်ပြန်ဖြေကြားသူများအနက်၊ ၄၆ ရာခိုင်နှုန်းသည် အသက် ၁၆ နှစ်အောက်အရွယ် သားသမီးများရှိကြကာ၊ ယင်းကလေးငယ်များအနက်မှ ၆၈ ရာခိုင်နှုန်းသည် အသက် ၅ နှစ်အောက် ကလေးများဖြစ်ပါသည်။ အလုပ်ထုတ်ပယ်ခံရသော လူတွေ့မေးမြန်းသည့် အလုပ်သမားများအနက်၊ ၁၇ ရာခိုင်နှုန်းသည် အထက်တန်းကျောင်းပညာနှင့် အဆင့်မြင့်တန်းပညာများ သင်ယူအောင်မြင်ပြီးသူများဖြစ်သော်လည်း၊ ၄၄ ရာခိုင်နှုန်းသည် အလယ်တန်း ကျောင်းပညာသင်ယူပြီးသူများနှင့် ပညာအရည်အချင်းနိမ့်ပါးသူများဖြစ်ပါသည်။

တုန့်ပြန်ဖြေကြားသူ တစ်ဝက်ကျော်သည် စက်ရုံကြီးများ သို့မဟုတ် အလွန်ကြီးမားသည့် စက်ရုံကြီးများ[7] (ဆိုလိုသည်မှာ အလုပ်သမားဦးရေ ၆၀၀ ကျော်နှင့် ၁၂၀၀ ကျော် အသီးသီးရှိကြသည့် စက်ရုံကြီးများ) မှ ဖြစ်ပါသည်။ ဤသုတေသနလေ့လာမှုနှင့်ပတ်သက်ပြီး၊ ကုန်ပစ္စည်းရောင်းရငွေနှင့် ကုန်ထုတ်လုပ်မှုအဆင့်များ စသည့်တို့ကို အခြေမခံဘဲလျက်၊ အလုပ်သမား/ဝန်ထမ်းအနေအထားကို အခြေခံလျက်၊ ကုမ္ပဏီအရွယ်အစား ၃ မျိုးကို တိတိကျကျ သတ်မှတ်ထားပါသည်။ စက်ရုံပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး တုန့်ပြန်ဖြေကြားသူများအား မေးမြန်းသောအခါတွင် ယင်းတို့အနက်မှ ၃၇ ရာခိုင်နှုန်းသည် တရုတ်ပိုင်စက်ရုံများမှဖြစ်ပြီး၊ယင်းနောက်တွင် ၂၁ ရာခိုင်နှုန်းသည်ဖြတ်၊ချုပ်လုပ်၊ထုတ်ပိုးသည့်လုပ်ငန်းဆောင်ရွက်သောမြန်မာနိုင်ငံသားပိုင်စက်ရုံများမှဖြစ်ကာ၊ ၁၄ ရာခိုင်နှုန်းသည် အခြားသောနိုင်ငံခြားသားပိုင်စက်ရုံများမှ ဖြစ်ပါသည်။ ထို့အပြင်၊ ၁၀ ရာခိုင်နှုန်းသည် တစ်ဆင့်ခံစာချုပ်ချုပ်ဆိုလုပ်ကိုင်သည့် မြန်မာနိုင်ငံသားပိုင်စက်ရုံများမှလည်းကောင်း၊ ၇ ရာခိုင်နှုန်းသည် ကိုရီးယားနိုင်ငံသားပိုင်စက်ရုံများမှ လည်းကောင်း၊ ၆ ရာခိုင်နှုန်းသည် အာဆီယံဒေသတွင်းနိုင်ငံများရှိ နိုင်ငံသားပိုင်စက်ရုံများမှလည်းကောင်း၊ ၅ ရာခိုင်နှုန်းသည် ဖက်စပ်လုပ်ကိုင်သည့်စက်ရုံများမှလည်းကောင်း အသီးသီးဖြစ်ကြပါသည်။ စိတ်ဝင်စားဖွယ်ကောင်းသည့်အချက်မှာ စက်ရုံအငယ်များမှ အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများထဲမှ ၁၅ ရာခိုင်နှုန်းသည် အသက် ၂၀ အရွယ်အောက်အရွယ်ရှိသူများဖြစ်ပြီး၊ အလွန်ကြီးမားသည့် စက်ရုံကြီးများမှ တုန့်ပြန်ဖြေကြားသူများ၏ ၅ ရာခိုင်နှုန်းသာလျှင် အသက် ၂၀ အရွယ်အောက်ရှိသူများဖြစ်ပါသည်။ သုတေသနစစ်တမ်းကောက်ယူမှုတွင် ပါဝင်သည့် အလုပ်ထုတ်ပယ်ခံရသော အလုပ်သမားများအနေဖြင့် နောက်ဆုံးအလုပ်လုပ်ကိုင်ခဲ့သော စက်ရုံတွင် လုပ်ကိုင်သည့် လုပ်သက်သည် ပျမ်းမျှအားဖြင့် လပေါင်း ၂၀ ရှိပြီး၊ ယင်းတို့အနက်၊ အသက်ငယ်ရွယ်သည့် အလုပ်သမားများသည် အသက်ကြီးသည့် အလုပ်သမားများထက် လုပ်သက်ပိုနည်းပါသည်။


7 မြန်မာနိုင်ငံ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ၊ ယင်းဥပဒေ၏ အခန်း (၁) တွင် လုပ်အားအခြေပြုသည့် လုပ်ငန်းကဏ္ဍရှိ အသေးစားလုပ်ငန်းနှင့်စပ်လျဉ်းသည့် အမည်နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အလုပ်သမားဦးရေ ၃၀၀ အောက်လျော့နည်းသည့် လုပ်ငန်းအနေဖြင့် သတ်မှတ်ထားပြီး၊ အလတ်စားလုပ်ငန်းကို အလုပ်သမားဦးရေ ၆၀၀ ထက်မကျော်လွန်သော လုပ်ငန်းအဖြစ်သတ်မှတ်ထားပါသည်။ သို့သော်လည်း၊ အလုပ်သမားဦးရေ ၆၀၀ ထက်ကျော်လွန်သည့် လုပ်ငန်း၏အဓိပ္ပါယ်နှင့်ပတ်သက်ပြီး ဥပဒေတွင်သတ်မှတ်ပြဌာန်းထားခြင်းမရှိပါ။ စိစစ်စိတ်ဖြာရာတွင်၊ ဤသုတေသနလေ့လာမှု၏ ရည်ရွယ်ချက်အလို့ငှာ၊ ကျွန်ုပ်တို့အနေဖြင့် အလုပ်သမားဦးရေ ၆၀၁ – ၁၂၀၀ အကြားရှိသော စက်ရုံများကို စက်ရုံကြီးများဟူ၍လည်းကောင်း၊ အလုပ်သမားဦးရေ ၁၂၀၀ ထက်ကျော်လွန်သည့် စက်ရုံများကို အလွန်ကြီးမားသည့်စက်ရုံများဟူ၍လည်းကောင်း အဓိပ္ပါယ်သတ်မှတ်ထားပါသည်။

## ဇယား (၂) – တုန့်ပြန်ဖြေကြားသူများ၏ ထူးခြားသည့်လက္ခဏာများ

| | အိမ်ထောင်ရေးအခြေအနေ (%) | | | ပညာရေး (%) | | | စက်ရုံအရွယ်အစား (%) | | | | စက်ရုံတွင် လတ်တလော ကြုံတွေ့ရသည့် အတွေ့အကြုံ (လများ) |
|---|---|---|---|---|---|---|---|---|---|---|---|
| အသက် | အိမ်ထောင်မရှိ လူလွတ် | အိမ်ထောင်သည် | အခြား | အလယ်တန်းကျောင်း ပညာနှင့် ယင်းအောက်နိမ့်သော | အထက် တန်းကျောင်း ပညာ | အထက် တန်းကျောင်း ပညာနှင့် အထက် | အသေးစား | အလတ်စား | စက်ရုံကြီး | အလွန်ကြီးမားသော စက်ရုံကြီး | |
| | ၆၇ | ၃၁ | ၃ | ၄၄ | ၃၉ | ၁၇ | ၁၈ | ၂၂ | ၃၁ | ၂၉ | ၂၀ |
| < ၂၀ | ၁၁ | ၄ | ၀ | | ၁၀ | ၄ | ၁၅ | ၉ | ၉ | ၅ | ၁၁ |
| >= ၂၀ & <၂၅ | ၅၅ | ၂၄ | ၀ | ၃ | ၄၁ | ၇၂ | ၂၆ | ၄၇ | ၄၀ | ၅၇ | ၁၄ |
| >= ၂၅ & <၃၅ | ၃၀ | ၅ | ၇၅ | ၄၄ | ၄၄ | ၂၀ | ၄၁ | ၄၁ | ၄၇ | ၃၁ | ၂၅ |
| > ၃၅ | ၄ | ၁၃ | ၂၅ | ၁၁ | ၅ | ၄ | ၁၉ | ၃ | ၄ | ၇ | ၃၁ |

အောက်တွင်ပါရှိသည့် ပုံ (၁) တွင် ဖော်ပြထားသည့်အတိုင်း၊ ဤသုတေသနလေ့လာမှုတွင် ပါဝင်သည့် တုန့်ပြန်ဖြေကြားသူများ၏ ၈၁ ရာခိုင်နှုန်းက အလုပ်ထုတ်ပယ်မခံရမီ ၎င်းတို့နောက်ဆုံးအလုပ်လုပ်ကိုင်ခဲ့သည့် လသည် ၂၀၂၀ ခုနှစ်၊ မတ်လနှင့် ဧပြီလတို့ဖြစ်ကြောင်း ဖော်ပြကြပါသည်။ တုန့်ပြန်ဖြေကြားသူ အများစုသည် ရန်ကုန်တိုင်းဒေသကြီးဇာတိများ မဟုတ်ဘဲ၊ နိုင်ငံရှိဒေသအသီးသီးမှ ရောက်ရှိလာကြသူများဖြစ်ပါသည်။ အဓိကအားဖြင့် ဧရာဝတီတိုင်းဒေသကြီးမှ ၃၃ ရာခိုင်နှုန်း၊ ပဲခူးတိုင်းဒေသကြီးမှ ၉ ရာခိုင်နှုန်း၊ မကွေးတိုင်းဒေသကြီးမှ ၁၇ ရာခိုင်နှုန်းနှင့် ရခိုင်ပြည်နယ်မှ ၁၀ ရာခိုင်နှုန်း တို့ဖြစ်ကြပါသည်။ လူတွေ့မေးမြန်းရာတွင်ပါဝင်သော အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ၏ ပျမ်းမျှမိသားစု အရွယ်အစားမှာ မိသားစုတစ်စုလျှင် လူဦးရေ ၅.၃ ဦးရှိပြီး၊ ယင်းတို့အနက်၊ ၂.၅ ဦးသည် ဝင်ငွေရှိသည့် အလုပ်အကိုင်များ ရှိကြပါသည် (အလုပ်ထုတ်ပယ်မခံရမီ၊ အထည်ချုပ်အလုပ်သမားအဖြစ် လုပ်ကိုင်သူများ အပါအဝင်)။ လူတွေ့မေးမြန်းရာတွင်ပါဝင်သော အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများအနက် ၇၄ ရာခိုင်နှုန်းသည် ၎င်းတို့နောက်ဆုံး အလုပ်လုပ်ကိုင်ခဲ့သည့်အချိန်တွင် လူမှုဖူလုံရေးအစီအစဉ်တွင် အာမခံရှိသူများဖြစ်ပါသည်။ ထို့အပြင်၊ တုန့်ပြန်ဖြေကြားသူများ ထဲမှ ၂၃ ရာခိုင်နှုန်းသည် အလုပ်သမားသမဂ္ဂ၏ အဖွဲ့ဝင်များဖြစ်ကြပါသည်။

### ပုံ (၁) – အလုပ်ထုတ်ပယ်မခံရမီ နောက်ဆုံးအလုပ်လုပ်ကိုင်ခဲ့သည့် လ နှင့်ပတ်သက်ပြီး တုန့်ပြန်ဖြေကြားသူ၏ အစီရင်ခံတင်ပြချက်



# ▶ ၃။ ခြုံငုံသုံးသပ်ခြင်း

## ၃.၁။ ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပေါ်သည့် အချိန်ကာလအတွင်း ကမ္ဘာလုံးဆိုင်ရာ အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ အခြေအနေ

အထည်ချုပ်အလုပ်သမားများသည် အဝတ်အထည်ချုပ်လုပ်သည့်လုပ်ငန်း၏ ကျောရိုးပင်ဖြစ်ပြီး၊ ကိုဗစ် – ၁၉ ကပ်ရောဂါသည် လုပ်ငန်းကဏ္ဍ၏ ခုခံနိုင်မှုမရှိသည့်အားနည်းချက်ကို သရုပ်ပုံဖော်ပြသခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင်၊ "အာရှ–ပစိဖိတ်ဒေသရှိ အထည်ချုပ်အလုပ်အကိုင်၏ ၅၀ ရာခိုင်နှုန်းနီးပါးဖြစ်သော ၃၂ သန်းနီးပါးဖြစ်သည့် အထည်ချုပ်အလုပ်သမားများသည် ယင်းတို့ နေထိုင်သည့်နိုင်ငံများတွင် မရှိမဖြစ်လိုအပ်သည့် အလုပ်အကိုင်မှအပ၊ စည်းမျဉ်းသတ်မှတ်ချက်များအရ အလုပ်အကိုင်များပိတ်ထားသည့် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့ကြရလျက် ရှိပါသည်။"[8] ထို့အပြင်၊ အိုင်အယ်(လ်)အို၏ အဆိုအရ၊ ဤဒေသအတွင်းတွင် "ပုံမှန်အလုပ်လုပ်ကိုင်နေကျ အလုပ်သမားသည် ရက်သတ္တနှစ်ပတ်မှ လေးပတ်အထိ အလုပ်အကိုင်ဆုံးရှုံးခဲ့ပြီး၊ ယင်းအလုပ်သမား ၅ ဦးအနက် ၃ ဦးကိုသာ စက်ရုံတွင် အလုပ်လုပ်ရန် ပြန်လည်ခေါ်ယူခဲ့ပါသည်။"[9] စက်ရုံများအနေဖြင့် လုပ်ငန်းလည်ပတ်မှုကို ယာယီ သို့မဟုတ် အမြဲတမ်းပိတ်သည့် အနေအထားများတွင်ရှိပါသည်။ အထည်ချုပ်လုပ်သားထုအင်အား လျော့နည်းကျဆင်းခြင်းသည် အချို့သော အလုပ်သမားများသည် ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေစဉ်အချိန်အတွင်း တည်ငြိမ်သည့်ဝင်ငွေမရှိခြင်းနှင့်အတူ၊ အလုပ်အကိုင်မရှိသည့် အခြေအနေဖြင့်ရှိနေခြင်းပင် ဖြစ်ပါသည်။ အခြားသောနိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများက "လုပ်သားထုအား ထိန်းသိမ်းထားခြင်းနှင့် ပံ့ပိုးပေးခြင်းသည် အနာဂတ်တွင် အထည်ချုပ်လုပ်ငန်း ပြန်လည်နလန်ထူရေးအတွက် အလွန်အရေးကြီးကြောင်း"[10] ရှင်းလင်းဖော်ပြထားပါသည်။ ထို့အပြင်၊ "ရေရှည်တည်တံ့ခိုင်မြဲသည့် ဖက်ရှင်ဒီဇိုင်း" သည် ပင်ကိုယ်သဘောသဘာဝအရ အထည်ချုပ်အလုပ်သမားများ၏ ကောင်းကျိုးချမ်းသာ[11]အတွက် လွှမ်းခြုံမှုရှိစေရန်အတွက် မည်သည့်လိုအပ်မှုရှိကြောင်းကို စဉ်းစားသုံးသပ်ရန် အထည်ချုပ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများအား တောင်းဆိုလျက်ရှိပါသည်။

အဝတ်အထည်များတင်ပို့သည့် နိုင်ငံများတွင် ကုန်ပစ္စည်းမှာယူမှုများ ပယ်ဖျက်ခြင်းများသည် ၂၀၂၀ ခုနှစ်၊ ဧပြီလ – ဇွန်လ နှင့် ၂၀၂၀ ခုနှစ်၊ ဧပြီ – မေ တို့တွင် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂနိုင်ငံ များ၌ စုစုပေါင်းဆုံးရှုံးမှုသည် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၁၆.၂ ဘီလီယံအထိ ရှိခဲ့ပါသည်။[12] Annaı Nova နှင့် Foxvog (၂၀၂၀) တို့က ဤပမာဏ၏ ၁၀ ရာခိုင်နှုန်းသည် အလုပ်သမားများ၏ အခကြေးငွေနှင့်ပတ်သက်ပြီး အမေရိကန်ဒေါ်လာ ၂ ဘီလီယံမျှကို ကိုယ်စားပြုကြောင်း တွက်ချက်ထားပါသည်။ ဤတွက်ချက်မှုသည် ပြည်ပတင်ပို့သည့်ဈေးကွက်နှစ်ခုတည်းကိုသာ ထည့်

8 ILO, 2020, p.2.

9 ILO, 2020, p.2

10 CARE, 2020.

11 Clean Clothes Initiative, 2020.

12 Anner, Nova & Foxvog, 2020

သွင်းစဉ်းစားထားခြင်းဖြစ်သော်လည်း ဤကပ်ရောဂါဖြစ်ပွားနေစဉ်အချိန်အတွင်း ကမ္ဘာလုံးဆိုင်ရာ အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် ထွက်ပေါ်လာခဲ့ပြီးဖြစ်သော ပို၍အရေးပါသည့်ပုံစံတစ်ခုဖြစ်သည်မှာ အထင်အရှားပင် ဖြစ်ပါသည်။ ကုန်ပစ္စည်းမှာယူမှုများ လျော့နည်းသွားခြင်းသည် ကုန်ပစ္စည်းပေးသွင်းသူများနှင့် အသက်မွေးမှု အရင်းအမြစ်များ ဆုံးရှုံးသွားသော အလုပ်သမားများကို တိုက်ရိုက်ရိုက်ခတ်ပါသည်။ အထည်ချုပ်အလုပ်သမားများအနက် ထည့်သွင်းစဉ်းစားရမည့် အခြားအစုအဖွဲ့မှာ အထည်ချုပ်လုပ်ငန်းကဏ္ဍရှိ လုပ်သားထု၏ အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်သော ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားများ ဖြစ်ပါသည်။ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများသည် “.... ကမ္ဘာလုံးဆိုင်ရာ အထည်ချုပ်လုပ်ငန်းအတွင်းရှိ လုပ်သားထု၏ ပို၍အရေးပါသည့် စိတ်အပိုင်း တစ်ခု ဖြစ်လာပါသည်။”[13]

## ၃.၂။ မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍနှင့် ကိုဗစ် – ၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှု

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကဏ္ဍသည် အလုပ်အကိုင်နှင့်စပ်လျဉ်း၍ အရေးပါသည့် အရင်းအမြစ်တစ်ခုအနေဖြင့် ရှိနေပြီး၊ ဤကပ်ရောဂါဖြစ်ပေါ်နေစဉ်အချိန်အတွင်း အလုပ်အကိုင်များ ဆုံးရှုံးခြင်းသည် ဆောင်ရွက်ခဲ့သည့်တိုးတက်မှုအား ပြောင်းပြန်ဖြစ်ပေါ်စေခဲ့ပါသည်။ ကမ္ဘာ့ဘဏ်၏ ‘Myanmar’s Future Jobs: Embracing Modernity’ အစီရင်ခံစာက အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမဟုတ်သော၊ အစိုးရနှင့် မသက်ဆိုင်သော၊ အသေးစားမဟုတ်သည့် ပုဂ္ဂလိကလုပ်ငန်းကဏ္ဍတွင် အကြီးမားဆုံးသောလုပ်ငန်းအင်အားဖြင့် လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ပြီး၊ အလုပ်အကိုင်ဖန်တီးမှုကိုလည်း အများဆုံးလုပ်ဆောင်ပေးခြင်း”နှင့် ပတ်သက်ပြီး သတ်မှတ်ဖော်ထုတ်ထားပါသည်။[14] ဤလုပ်ငန်းကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် လိုက်လျောညီထွေဖြစ်သည့် ကြိုးပမ်းအားထုတ်မှုများ လုပ်ဆောင်ရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံ၏ လူမှုဖူလုံရေးအဖွဲ့၏အဆိုအရ၊ ၂၀၂၀ ခုနှစ်၊ မေလ ၁၅ ရက်မှစပြီး၊ စက်ရုံများ ယာယီနှင့် အမြဲတမ်းပိတ်သိမ်းမှုများကြောင့် ၂၀၂၀ ခုနှစ်၊ ဧပြီလနှင့် မေလအတွင်း မြန်မာနိုင်ငံတွင် အာမခံထားရှိသည့် အလုပ်သမားပေါင်း ၁၅၀၀၀၀ ကျော် အလုပ်ထုတ်ပယ်ခံခဲ့ရပါသည်။ မကြာသေးမီအချိန်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (MoLIP) ၏ အမြဲတမ်းအတွင်းဝန်က ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်မှစပြီး၊ စက်ရုံပေါင်း ၂၃၀ ကျော်သည် ၎င်းတို့၏ လုပ်သားအင်အားကို လျှော့ချခဲ့ကြောင်း ဖော်ပြထားပါသည်။ ရလဒ်အနေဖြင့်၊ မြန်မာနိုင်ငံတွင် အလုပ်သမားပေါင်း ၇၃၀၀၀ ကျော်သည် အလုပ်ထုတ်ပယ်ခံခဲ့ရပါသည်။[15] ဤကိန်းဂဏန်းများသည် ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံတွင် အလုပ်အကိုင်ဆုံးရှုံးမှုပမာဏများကိုလည်း ပုံဖော်လျက်ရှိပါသည်။ မြန်မာနိုင်ငံလုပ်သားထု၏ ၈၁.၅ ရာခိုင်နှုန်းသည် တရားဝင်မဟုတ်သည့် လုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်လျက်ရှိနေပြီး၊ တရားဝင်အချက် အလက်များသည် တရားဝင်လုပ်ငန်းကဏ္ဍရှိ အလုပ်သမားများကို ထင်ဟပ်ဖော်ပြခြင်းဖြစ်ကြောင်း မှတ်သားရန်အရေးကြီးပါသည်။

အလုပ်သမားများသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ (LEOs) တွင် မှတ်ပုံတင်ရန်လိုအပ်ပါသည်။[16] အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသည် မြန်မာနိုင်ငံတွင် ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ဖန်တီးထားသည့်အလုပ်အကိုင်အသစ်များကို လစဉ်မှတ်တမ်းတင်ပါသည်။ ပုံ (၂) သည် တရားဝင်အလုပ်သမားများအနေဖြင့် မှတ်ပုံတင်ထားသည့် အလုပ်အကိုင်အသစ်အရေအတွက်များကို ခြုံငုံသုံးသပ်ပြီး၊ ယင်းအလုပ်အကိုင်သစ်များသည် ၂၀၂၀ ခုနှစ်၊ ဧပြီလနှင့် မေလတွင် သိသာ

13 Maher, 2009, p.5.

14 Cunningham et. Al, 2018, p.110.


15 One News Myanmar (2020).

16 အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃) နှင့် အလုပ်အကိုင်ကန့်သတ်ရေးအက်ဥပဒေ (၁၉၅၉)

ထင်ရှားစွာ လျော့နည်းသွားလျက်၊ ဇွန်လနှင့် ဩဂုတ်လတွင် မြင့်မားလာမှုတို့ကို ပုံဖော်ပေးထားပါသည်။ သို့ရာတွင်၊ အလုပ်အကိုင်သစ်အရေအတွက်သည် သိသိသာသာလျော့နည်းသွားသည်မှာ အထင်အရှားပင်ဖြစ်ပါသည် (ဆိုလို သည်မှာ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လနှင့်နှိုင်းယှဉ်ပါက၊ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် ၄၀ ရာခိုင်နှုန်းခန့် လျော့နည်းသွားပါသည်)။

အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်သည့် မိမိတို့အိမ်တွင် နေထိုင်ရမည်ဟူသော အမိန့်များ၏ ရိုက်ခတ်မှုများကို ခံစားကြုံတွေ့ရသည့်သူများအား ပံ့ပိုးကူညီရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနသည် ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ အစပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ထားသည့် အလုပ်သမားများအား ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အလုပ်သမားများအနေဖြင့် ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ လစာ၏ ၄၀ ရာခိုင်နှုန်းကို ရရှိ ခံစားစေမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။[17] ထို့အပြင်၊ အစိုးရက လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံမတင်ထားသော အလုပ် သမားများအား ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလတွင် တစ်ကြိမ်အကျိုးခံစားခွင့်ငွေကြေး ၃၀၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၂၂) ကို ပံ့ပိုးပေးမည့်အစီအစဉ်တစ်ရပ်ကို ဖော်ပြခဲ့ပါသည်။[18] သို့ရာတွင်၊ ဤအစီရင်ခံစာကို ပြင်ဆင်နေသည့်အချိန်တွင်၊ ဤပံ့ပိုးမှုကနဦးဆောင်ရွက်မှုသည် လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံမတင်ထားသည့် အလုပ်သမားများအားလုံး သို့မဟုတ် ကုန်ထုတ်လုပ်မှုကဏ္ဍရှိ ယင်းသို့မှတ်ပုံမတင်ထားသည့် အလုပ်သမားများသာ သို့မဟုတ် ကျပန်းအလုပ်သမားများအတွက် အကျုံးဝင်ခြင်းရှိမရှိနှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းမရှိသေးပေ။

## ပုံ (၂) – အလုပ်အကိုင်အသစ်များအား လစဉ်မှတ်ပုံတင်ခြင်း (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ – ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ)




ရင်းမြစ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (၂၀၂၀ ခုနှစ်)

17 အမိန့်ကြော်ငြာစာ (၁၆၉/၂၀၂၀)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ https://ssb.gov.mm/portal/annoucement_detail?id=4c02e315-c09e-427e-b966-64084887ede5

18 https://burmese.voanews.com/a/myanmar-covid-assistance/5615020.html

# ၄။ အလုပ်ထုတ်ပယ်ခံရသည့်အလုပ်သမားများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ

ဤအပိုင်းသည် သုတေသနလေ့လာတွေ့ရှိချက်များကို ဖော်ပြထားပြီး၊ ကိုဗစ် – ၁၉ ကပ်ရောဂါ ဖြစ်ပွားသည့် အချိန်ကာလအတွင်း အထည်ချုပ်လုပ်ငန်းကဏ္ဍရှိ အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ၏ အခြေအနေကို လျှပ်တစ်ပြက် ဖော်ပြထားပါသည်။ ပထမအချက်နေဖြင့်၊ ဤအပိုင်းသည် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ၏ အဆင့်အတန်းကို ခြုံငုံသုံးသပ်ဖော်ပြထားပြီး၊ ယင်းအလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများအနေဖြင့် အလုပ်ထုတ်နစ်နာကြေးရရှိခြင်း ရှိမရှိနှင့် ယင်းအလုပ်ထုတ်နစ်နာကြေးများအား ၎င်းတို့အသုံးပြုပုံတို့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကိုလည်း ဖြည့်ဆည်းပံ့ပိုးပေးထားပါသည်။ နောက်ဆုံးအချက်အနေဖြင့်၊ ပြည်တွင်းရွှေ့ပြောင်းနေထိုင်မှု အတွေ့အကြုံနှင့် စပ်လျဉ်းသည့် စိစစ်စိတ်ဖြာမှုတစ်ရပ်ကို ဖြည့်ဆည်းပံ့ပိုးထားပြီး၊ အခြားသောအလုပ်သမားများနှင့်နှိုင်းယှဉ်ပါက၊ ထိုအလုပ်ထုတ်ပယ်ခံရသည့် ရွှေ့ပြောင်းအလုပ်သမားများသည် ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပွားနေသည့် အချိန်ကာလအတွင်းတွင် အခက်အခဲများ ပိုမိုကြုံတွေ့ကြရသည်မှာအထင်အရှားဖြစ်ကြောင်း ဖော်ပြထားပါသည်။

## ၄.၁။ အလုပ်ထုတ်ပယ်ခံရသည့်အလုပ်သမားများ၏ အတွေ့အကြုံများ

အစောပိုင်းတွင် ရည်ညွှန်းဖော်ပြထားသည့်အတိုင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဖော်ပြချက်အရ၊ မြန်မာနိုင်ငံတွင် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလနှင့် စက်တင်ဘာလအတွင်း အလုပ်သမားပေါင်း ၇၃၀၀၀ အလုပ်ထုတ်ပယ်ခံခဲ့ရပါသည်။ သီးသန့်စီခွဲခြားဖော်ပြထားသည့် အချက်အလက်များမရှိခြင်းကြောင့် အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားအရေအတွက်ကို ခန့်မှန်းဖော်ပြရန် ခက်ခဲပါသည်။ ဤအစီရင်ခံစာအား ပြင်ဆင်ဆောင်ရွက်နေစဉ် အချိန်တွင် ဥရောပသမဂ္ဂ၏ မြန်ကူ (Myan Ku) ရန်ပုံငွေသည် အထည်ချုပ်၊ ခြေဝတ်ပစ္စည်းနှင့် အထည်အလိပ် အလုပ်သမား (အလုပ်ထုတ်ပယ်ခံရသောအလုပ်သမားများ သို့မဟုတ် အခကြေးငွေမရရှိသူများ) ပေါင်း ၃၄၀၀၀ ကျော်ကို ပံ့ပိုးပေးခဲ့ပြီး၊[19] ယင်းတို့အနက်မှ ၇၀ ရာခိုင်နှုန်းနီးပါးသည် အထည်ချုပ်လုပ်ငန်းကဏ္ဍမှဖြစ်ပါသည်။ အလုပ်ထုတ်ပယ်ခံရသည့် အထည်ချုပ်အလုပ်သမားများအဖို့ ၎င်းတို့၏အသက်မွေးမှုအတွက် အချိန်ပြည့်အလုပ်အကိုင် သို့မဟုတ် အခြားသောအလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေရာတွင် ကြီးမားသော စိန်ခေါ်မှုများကြုံတွေ့ရခြင်းကြောင့် အချို့သော အစီရင်ခံစာများက ၎င်းတို့၏ အခြေအနေများကို ရှင်းလင်းဖော်ပြထားပြီးဖြစ်ပါသည်။[20]

အလုပ်ထုတ်နစ်နာကြေးအတွက် အရည်အချင်းပြည့်မီမှုနှင့်ပတ်သက်ပြီး အလုပ်သမားများ၏ နောက်ဆုံးရရှိသည့် လုပ်ခလစာများ (အချိန်ပိုကြေးများမပါ) နှင့် လုပ်ငန်းခွင်တွင် အလုပ်ဆက်တိုက်လုပ်ကိုင်သည့် အချိန်ကာလကို အခြေခံလျက်

19 Smart Textile & Garments, Sequa, EU Nexus Response for Myanmar and UNOPS, 2020.

20 Remington, 2020

တွက်ချက်ပါသည်။[21] ပုံ (၃) တွင် ဖော်ပြထားသည့်အတိုင်း သုတေသနစစ်တမ်းတွင်ပါဝင်သည့် အလုပ်ထုတ်ပယ်ခံရသော အလုပ်သမားများ၏ တစ်ဝက်ကျော် (၅၅ ရာခိုင်နှုန်း) က ၎င်းတို့အနေဖြင့် ၎င်းတို့အလုပ် လုပ်ကိုင်သည့် စက်ရုံမှ အလုပ်ထုတ်နစ်နာကြေး လက်ခံရရှိကြောင်း ဖော်ပြကြပါသည်။ သို့ရာတွင် ကျန် ၄၅ ရာခိုင်နှုန်းက အကြောင်းပြချက်အမျိုးမျိုးကြောင့် ၎င်းတို့အနေဖြင့် မည်သည့်အလုပ်ထုတ်နစ်နာကြေးမျှ မရရှိကြောင်း ဖော်ပြကြပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ၊ စည်းမျဉ်းဥပဒေများအား လွဲမှားစွာအဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ ဥပဒေပါအခွင့်အရေးများ နှင့်ပတ်သက်ပြီး အလုပ်သမားများ၏ သိရှိနားလည်မှုနှင့်၊ မိမိတို့အိမ်တွင် နေထိုင်ရမည်ဟူသော ဆောင်ရွက်ချက်များသည် အဓိကအကြောင်း အရင်းများဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

အလုပ်ထုတ်နစ်နာကြေးလက်ခံရရှိသည့် အလုပ်ထုတ်ပယ်ခံရသည့်အလုပ်သမားများအနက်၊ အလုပ်ထုတ်နစ်နာကြေး ပေးဆောင်ခြင်းသည် စက်ရုံတွင်အလုပ်လုပ်ကိုင်သည့်ကာလနှင့် အလုပ်သမား၏ ရာထူးအပေါ်အခြေခံလျက်ပေးဆောင်ခြင်းဖြစ်ကြောင်း ယင်းအလုပ်ထုတ်နစ်နာကြေးနှင့် ပတ်သက်ပြီး အစီရင်ခံတင်ပြချက်ကို ဇယား (၃) တွင် ဖော်ပြထားပါသည်။ ယခင်က ကျွမ်းကျင်သည့်စက်ချုပ်သမား၊ လိုင်းခေါင်းဆောင် သို့မဟုတ် ကြီးကြပ်ရေးမှူးအဖြစ် အလုပ်လုပ်ကိုင်ခဲ့သည့် တုန့်ပြန်ဖြေကြားသူများသည် ပမာဏများပြားသည့် အလုပ်ထုတ်နစ်နာကြေး (အမေရိကန် ဒေါ်လာ ၂၃၉) ကို ရရှိခဲ့ကြပါသည်။ ကုန်ပစ္စည်းအရည်အသွေးထိန်းသိမ်းသူ သို့မဟုတ် စက်ပြင်သူအနေဖြင့်လုပ်ကိုင်ခဲ့သူများကမူ ပမာဏ ဒုတိယအများဆုံး (အမေရိကန်ဒေါ်လာ ၁၉၁) ရရှိခဲ့ကာ၊ အခြားသောအလုပ်သမားအမျိုးအစားများမှာမူ အမေရိကန်ဒေါ်လာ ၁၀၇ ရရှိခဲ့ကြပါသည်။ လုပ်သက်ကာလအပေါ်အခြေခံသည့် အလုပ်ထုတ်နစ်နာကြေးက လုပ်သက် ၂ နှစ်မှ ၃ နှစ်ရှိ သော အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများသည် အလုပ်ထုတ်နစ်နာကြေးအများဆုံး (အမေရိကန် ဒေါ်လာ ၂၁၄) ရရှိပြီး၊ ယင်းတို့နောက်တွင် လုပ်သက် ၃ နှစ်အထက်ရှိသူများသည် (အမေရိကန်ဒေါ်လာ ၂၀၅) ရရှိကြောင်းကို ဖော်ပြနေပါသည်။ လုပ်သက်တစ်နှစ်အောက်ရှိသည့် အလုပ်သမားများသည် ပမာဏအနည်းဆုံး (အမေရိကန်ဒေါ်လာ ၁၃၆) ရရှိပါသည်။ သို့ဖြစ်၍၊ ဆက်တိုက်အလုပ်လုပ်ကိုင်သည့်ကာလသည် အလုပ်ထုတ်နစ်နာကြေးပေးသည့်အဆင့်များ အပေါ် လွှမ်းမိုးနေလျက်ရှိပါသည်။ အလုပ်သမားများအနေဖြင့် မှန်ကန်သည့် အလုပ်ထုတ်နစ်နာကြေးအဆင့်များရရှိခြင်း၊ မရရှိခြင်းနှင့်ပတ်သက်ပြီး၊ ဤလေ့လာမှုတွင် ထည့်သွင်းစဉ်းစားသွားမည် မဟုတ်ပါ။

ဤလေ့လာမှုက အလုပ်သမားသမဂ္ဂအဖွဲ့ဝင်ဖြစ်ခြင်းနှင့် အဖွဲ့ဝင်မဖြစ်ခြင်းအကြား သိသာသည့်ခြားနားမှုတစ်ရပ်ကိုလည်း ဖော်ပြထားပါသည်။ တုန့်ပြန်ဖြေကြားသူများ၏ ၂၃ ရာခိုင်နှုန်းသည် အလုပ်သမား သမဂ္ဂအဖွဲ့ဝင်များဖြစ်ကြပါသည်။ အလုပ်သမားသမဂ္ဂတွင်ပါဝင်သည့် တုန့်ပြန်ဖြေကြားသူများသည် အလုပ်သမားသမဂ္ဂအဖွဲ့ဝင်မဟုတ်သူများထက် အလုပ်ထုတ်နစ်နာကြေး ပိုမိုရရှိသည့် အနေအထားတွင်ရှိပါသည်။ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များ၏ ၆၅ ရာခိုင်နှုန်းသည် ၎င်းတို့၏ အလုပ်ထုတ်နစ်နာကြေးများကို လက်ခံရရှိကြပြီး၊ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်မဟုတ်သူများ၏ ၅၃ ရာခိုင်နှုန်းသာလျှင် ၎င်းတို့၏ အလုပ်ထုတ်နစ်နာကြေးများကို လက်ခံရရှိကြပါသည်။

21 အမိန့်ကြော်ငြာစာအမှတ်၊ ၈၄/၂၀၁၅၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

## ဇယား (၃) – အတွေ့အကြုံနှင့် ရာထူးအလိုက် အစီရင်ခံတင်ပြထားသော အလုပ်ထုတ်နစ်နာကြေး ပမာဏများ

| **အလုပ်လုပ်ကိုင်သည့် လုပ်သက်အလိုက် အလုပ်ထုတ် နစ်နာကြေးပေးဆောင်ခြင်း** | | | **ရာထူးအလိုက် အလုပ်ထုတ်နစ်နာကြေးပေးဆောင်ခြင်း** | | |
|---|---|---|---|---|---|
| အချိန်ကာလ | မြန်မာ ကျပ်ငွေ | အမေရိကန် ဒေါ်လာ*[22] | ရာထူး | မြန်မာ ကျပ်ငွေ | အမေရိကန် ဒေါ်လာ |
| လုပ်သက်တစ်နှစ်အောက် | ၁၉၀၂၂၅ | ၁၃၆ | ကျွမ်းကျင်စက်ချုပ် လပ်သား/လိုင်းခေါင်းဆောင်/ ကြီးကြပ်ရေးမှူး | ၃၃၄၃၅၇ | ၂၃၉ |
| လုပ်သက် ၁၂ လ မှ ၂၃ လ | ၂၄၇၀၄၆ | ၁၇၇ | တစ်ချို့တစ်ဝက်ကျွမ်းကျင်သည့် စက်ချုပ်လုပ်သား/အကူ | ၁၉၃၅၅၀ | ၁၃၈ |
| လုပ်သက် ၂၄ လ မှ ၃၅ လ | ၂၂၉၄၅၀ | ၂၁၄ | မီးပူတိုက်သမား/ပိတ်စဖြတ် သူ/ထုတ်ပိုးသူ/ စတိုခန်းထိန်းသိမ်းသူ | ၂၁၈၂၇၁ | ၁၅၆ |
| လုပ်သက် ၃ နှစ်နှင့် အထက် | ၂၈၆၂၅၀ | ၂၀၅ | အရည်အသွေးထိန်းသိမ်းသူ/ စက်ပြင် | ၂၆၇၄၅၅ | ၁၉၁ |
| | | | အခြား | ၁၄၈၈၂၅ | ၁၀၇ |


ပုံ (၄) သည် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ ၎င်းတို့၏ အလုပ်ထုတ်နစ်နာကြေးများအား အသုံးပြုပုံနှင့်ပတ်သက်ပြီး အကျဉ်းချုပ်ဖော်ပြထားပါသည်။ တုန့်ပြန်ဖြေကြားသူများ၏ ၃ ပုံ ၁ ပုံ ကျော်က ၎င်းတို့၏ အလုပ်ထုတ် နစ်နာကြေးကို အစားအစာအတွက် (၃၄ ရာခိုင်နှုန်း) အသုံးပြုခဲ့ကြ ကြောင်းဖော်ပြကြပြီး၊ အခြား ၃ ပုံ ၁ ပုံကမူ၊ ယင်းငွေကို မိသားစုများထံသို့ ပေးပို့ (၃၃ ရာခိုင်နှုန်း) ခဲ့ကြောင်း ဖော်ပြကြပါသည်။ ဤအချက်က အခြေခံဦးစားပေးလိုအပ်မှုများနှင့် ဘဝရှင်သန်မှုအတွက် အသုံးပြုခြင်းဖြစ်ကြောင်းကို ဖော်ပြနေပါသည်။ အလုပ်လက်မဲ့ဖြစ်နေသော အလုပ်သမားများ၏ ဆက်လက်ငွေလွှဲပို့ခြင်းကလည်း ၎င်းတို့၏မိသားစုများသည် ၎င်းတို့၏ ဝင်ငွေအပေါ်မှီခိုနေရခြင်းဖြစ်ကြောင်း ညွှန်ပြနေပါသည်။ တုန့်ပြန်ဖြေကြားသူများ၏ မိသားစုများ၏ ဝင်ငွေအပေါ်မှီခိုအားထားရသည့် ပျမ်းမျှအချိုးသည် ၀.၅၃[23] ဖြစ်ပါသည်။ တည်ငြိမ်သည့် ဝင်ငွေမရှိဘဲလျက်၊ ဤအလုပ်ထုတ်ပယ်ခံရသော ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ၎င်းတို့၏မိသားစုများအတွက်ထောက်ပံ့မှုများဖြည့်ဆည်းပံ့ပိုးရာတွင်စိန်ခေါ်မှုများကိုတွေ့ကြုံရမည်ဖြစ်ပါသည်။တတိယ အမြင့်မားဆုံးအသုံးစရိတ်မှာ နေရာထိုင်ခင်းအတွက်အဖြစ်ပြီး ၁၇ ရာခိုင်နှုန်းကုန်ကျပါသည်။ ယခင်လူတွေ့မေးမြန်းမှုများတွင် အချို့သောအလုပ်သမားများက အလုပ်လက်မဲ့ဖြစ်နေစဉ်အချိန်တွင် နေရာထိုင်ခင်းအတွက် ကုန်ကျစရိတ်သည် ထိန်းသိမ်းရန်မည်မျှအကြီးမားဆုံးသော ကုန်ကျစရိတ်ဖြစ်ကြောင်း ရှင်းလင်းဖော်ပြခဲ့ကြပါသည်။ အလုပ်သမားများ၏ အခန်းဖော်တစ်ဦးသည် ၎င်း၏ဇာတိမြို့မှ ပြန်လာခဲ့ခြင်းမရှိပေ။ ဆိုလိုခြင်းမှာ၊ ၎င်းအနေဖြင့် နေရာထိုင်ခင်းအတွက် အခန်းဖော်နှင့် မျှဝေကျခံခြင်းမဟုတ် ဘဲ၊ လစဉ် ၇၀၀၀၀ ကျပ် တာဝန်ယူပေးဆောင်ရခြင်းကြောင့်ဖြစ်ပါသည်။[24]

22 ဤလေ့လာမှုပြုလုပ်နေစဉ်အတွင်း မြန်မာကျပ်ငွေဖြင့်ဖော်ပြထားသည့်ကိန်းဂဏန်းများကို ဗဟိုဘဏ်၏ ငွေလဲလှယ်မှုနှုန်းထားဖြစ်သော အမေရိကန် ၁ ဒေါ်လာလျှင် မြန်မာငွေ ၁၃၉၆.၃၈ ကျပ်နှုန်းဖြင့် ပြောင်းလဲဖော်ပြထားပါသည်။ ယင်းသည် ၂၀၂၀ ခုနှစ်၊ ဇွန်လ၏ ပျမ်းမျှငွေလဲလှယ်နှုန်း ဖြစ်ပါသည်။၂၂ ကိန်းဂဏန်းများ စေ့စုံမှုတပါသည်။

23 မိသားစုဝင်စုစုပေါင်းနှင့် ဝင်ငွေရှိသော အလုပ်အကိုင်ရှိသူများနှင့်စပ်လျဉ်းသည့် အချက်အလက်များကို အခြေခံသည်။ အိမ်ထောင်မိသားစုတစ်ခုတွင် ဝင်ငွေရှိသူများနှင့် မိသားစုဝင်စုစုပေါင်း အချိုးဖြစ်သည်။

24 CESD–ILO, 2020. အဓိကသတင်းအချက်အလက်ပေးသူနှင့် လူတွေ့မေးမြန်းခြင်း။

### ပုံ (၃) – အလုပ်ထုတ်နစ်နာကြေးအား သုံးစွဲခြင်း




တုန့်ပြန်ဖြေကြားသူများ၏ ၈ ရာခိုင်နှုန်းက အလုပ်ထုတ်နစ်နာကြေးကို ၎င်းတို့မိသားစုအိမ်များရှိရာသို့ ပြန်ရာတွင် ခရီးစရိတ်အဖြစ် အသုံးပြုပြီး၊ ၂ ရာခိုင်နှုန်းကသာ ယင်းငွေကို စုဆောင်းထားရှိကြကြောင်း ဖော်ပြကြပါသည်။ ဤငွေကို ၎င်းတို့၏ အရေးတကြီးနေ့စဉ်လိုအပ်မှုများအတွက် အသုံးပြုခြင်းဖြစ်ကြောင်း ဤအခြင်းအရာက ဖော်ပြနေပါသည်။

အလုပ်ဆုံးရှုံးပြီးနောက်တွင်အလုပ်ထုတ်ပယ်ခံရသည့်အလုပ်သမားများမည်သို့ကြုံတွေ့ကြရကြောင်းကိုသိရှိနားလည်နိုင်စေရန်အတွက် ဤသုတေသနလေ့လာမှုက ရှာဖွေထားပါသည်။ ဇယား (၄) တွင် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ အနေအထားအရ၊ ဤအလုပ်သမားများ၏ ဆောင်ရွက်မှုအချို့နှင့်စပ်လျဉ်းသည့် တုန့်ပြန်မှုများအား ခြုံငုံသုံးသပ်ချက်အား ဖော်ပြထားပါသည်။[25] တုန့်ပြန်ဖြေကြားသူများကို ရန်ကုန်ဇာတိဖြစ်သူများ၊ ရန်ကုန်တွင်တစ်ဦးတည်းနေထိုင်သည့် ပြည်တွင်းယာယီရွှေ့ပြောင်းနေထိုင်သူများနှင့် ရန်ကုန်တွင်မိသားစုများနှင့်အတူ ရွှေ့ပြောင်းနေထိုင်သူများဟူ၍ အုပ်စု ၃ စုခွဲထားပါသည်။ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများသည် အများအားဖြင့် ၎င်းတို့၏ ဇာတိဒေသရှိ နေအိမ်များသို့ ပြန်သွားခဲ့ကြကြောင်း တွေ့ရှိချက်များက ဖော်ပြနေပါသည်။ ရန်ကုန်တွင် တစ်ဦးတည်းနေထိုင်သည့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၏ ၆ ရာခိုင်နှုန်းသည် ၎င်းတို့၏ နေအိမ်များသို့ ပြန်သွားခဲ့ကြကာ၊ မိသားစုများနှင့် အတူတကွနေထိုင်သည့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၏ ၄၃ ရာခိုင်နှုန်းသည်လည်း ၎င်းတို့၏ နေအိမ်များသို့ ပြန်သွားခဲ့ကြပါသည်။ ၎င်းတို့ဇာတိဒေသရှိနေအိမ်များသို့ ပြန်သွားခဲ့ကြရသည့်အကြောင်းရင်းများတွင် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် ဝင်ငွေမရှိဘဲ ရန်ကုန်တွင် နေထိုင်နိုင်ရန် မဖြစ်နိုင်ခြင်းလည်းပါဝင်ပါသည်။ သို့ဖြစ်၍၊ ၎င်းတို့၏ ဇာတိဒေသရှိနေအိမ်များသို့ပြန်သွားခဲ့ကြရခြင်းဖြစ်ပါသည်။ အခြားအကြောင်းရင်းတစ်ခုမှာ ရန်ကုန်တွင် ကိုဗစ် – ၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို ကြောက်ရွံ့ကြခြင်းကြောင့် ဖြစ်ပါသည်။ အခြားအလုပ်အကိုင်အခွင့်အလမ်းများကို ရှာဖွေခြင်းသည် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများလုပ်ဆောင်ခဲ့သည့် ဦးစားပေးဆောင်ရွက်မှုဖြစ်ပါသည်။ ရန်ကုန်တွင် မိသားစုများနှင့်အတူ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ (၃၉ ရာခိုင်နှုန်း) သည် ရန်ကုန်တွင် မိသားစုများမပါဘဲ ရွှေ့ပြောင်းနေထိုင်သည့်သူများ (၂၉ ရာခိုင်နှုန်း) ထက် အခြားအလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုရှာဖွေခဲ့ကြပါသည်။ ရန်ကုန်ဇာတိဖြစ်သူများနှင့် ရန်ကုန်တွင် တစ်ဦးတည်း ရွှေ့ပြောင်းနေထိုင်သူများ လုပ်ဆောင်သည့် အခြားသောအရေးကြီးသည့် လုပ်ဆောင်မှုမှာ မိသားစုစီးပွားရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်းပင်ဖြစ်ပါသည်။

25 တုန့်ပြန်ဖြေကြားသူများအား ဖြေကြားမည့်အရာ ၂ ခုအထိရေးချယ်ခွင့်ပေးပြီး၊ ယင်းအပေါ်တွင်အခြေခံလျက်၊ တုန့်ပြန်ဖြေကြားမှုရာခိုင်နှုန်းတွက်ချက်မှုကို ဖြည့်ဆည်းပံ့ပိုးပေးထားပါသည်။

### ဇယား (၄) – အလုပ်ထုတ်ပယ်ခံရသည့်တစ်လတာအချိန်အတွင်း လုပ်ဆောင်ခဲ့သည့်ဆောင်ရွက်မှုများ


| လုပ်ဆောင်ခဲ့သည့်ဆောင်ရွက်မှု | ရန်ကုန်ဇာတိ ဖြစ်သူများ | တစ်ဦးတည်း ရွှေ့ပြောင်းနေ ထိုင်သူများ | မိသားစုနှင့်အတူ ရွှေ့ပြောင်းနေထိုင်သူများ |
|---|---|---|---|
| လုပ်ဆောင်မှုမရှိ | ၁၄% | ၄% | ၁၄% |
| အခြားအလုပ်အကိုင်ရှာဖွေခြင်း | ၅၅% | ၂၉% | ၃၉% |
| ဇာတိပြည်နယ်/မူရင်းဒေသရှိနေအိမ်သို့ ပြန်သွားခြင်း | ၇% | ၆၀% | ၄၃% |
| မိသားစုစီးပွားရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်း | ၁၄% | ၄% | ၀% |
| အခြား | ၁၀% | ၃% | ၄% |

ကပ်ရောဂါဖြစ်ပွားနေစဉ်အချိန်ကာလအတွင်း အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများအတွက် ရရှိနိုင်သည့် ပံ့ပိုးမှုနှင့် ပတ်သက်ပြီး သိရှိနားလည်ခြင်းသည် အလုပ်သမားများအား ပံ့ပိုးရန်စတင်လုပ်ဆောင်ခဲ့သည့် ကနဦးဆောင်ရွက်မှုအချို့အား သိမြင်နားလည်ရန် ဆောင်ကြဉ်းပေးပါသည်။ ပုံ (၅) တွင်ဖော်ပြထားသည့်အတိုင်း၊ တုန့်ပြန်ဖြေကြားသူ အများအပြားက ၎င်းတို့အနေဖြင့် ဥရောပသမဂ္ဂ၏ မြန်ကူရန်ပုံငွေ (European Union–Myan Ku Fund) မှ ထောက်ပံ့မှုကို လက်ခံရရှိခဲ့ကြကြောင်း ဖော်ပြကြပါသည်။ ဥရောပသမဂ္ဂသည် အထည်ချုပ်လုပ်ငန်းကဏ္ဍအပေါ် ကိုဗစ် – ၁၉ ၏ ဆိုးရွားသည့်ရိုက်ခတ်မှုကို တုန့်ပြန်ဆောင်ရွက်ရန်အတွက် ၂၀၂၀ ခုနှစ်၊ ဧပြီလတွင် ပါဝင်သက်ဆိုင်သူမျိုးစုံပါဝင်သည့် ပူးပေါင်းဆောင်ရွက်သော ကနဦးဆောင်ရွက်မှုတစ်ရပ်ကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ဤအစီရင်ခံစာအား ပြင်ဆင်ရေးသားနေချိန်တွင် မြန်ကူသည် အထည်ချုပ်၊ ခြေဝတ်ပစ္စည်းနှင့် အထည်အလိပ် အလုပ်သမားပေါင်း ၃၄၀၀၀ ကို ပံ့ပိုးပေးခဲ့ပြီးဖြစ်ကာ၊ ယင်းတို့အနက်မှ အကျိုးခံစားရရှိသူ ၈၄ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြပါသည်။[26] စုစုပေါင်းထောက်ပံ့ပေးဆောင်မှုပေါင်း ၆၀၄၆၄ အား Wave Money ဖြင့် ပေးဆောင်မှုကိုအသုံးပြုလျက်၊ ၃၀၀၀၀ ကျပ် (အမေရိကန် ဒေါ်လာ ၂၂) မှစပြီး၊ ၂၂၅၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၁၆၁) အထိ ပေးဆောင်ခဲ့ကာ စုစုပေါင်းထောက်ပံ့သည့် ငွေပမာဏသည် မြန်မာကျပ်ငွေ ၄.၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၃ သန်း) ဖြစ်ပါသည်။

တုန့်ပြန်ဖြေကြားသူများ၏ ၁၀ ရာခိုင်နှုန်းက ထောက်ပံ့မှုသည် အစိုးရထံမှ ရောက်ရှိလာခြင်းဖြစ်ကြောင်း ဖော်ပြကြပါသည်။ အစိုးရ၏ထောက်ပံ့မှုတွင် ဝင်ငွေနည်းပါးသည့် လူအစုအဖွဲ့များ၏ အိမ်ထောင်မိသားစုများအတွက် အစားအသောက်ထောက်ပံ့မှုအစီအစဉ်ပါဝင်ပါသည်။ ဤထောက်ပံ့မှုတွင် အိမ်ထောင်မိသားစုများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနီကလေးနှင့် ကြက်သွန်နီတို့ပါဝင်ပါသည်။ သို့သော်၊ အထည်ချုပ်အလုပ်သမားများ၏ ၁၀ ရာခိုင်နှုန်းကသာ ၎င်းတို့အနေဖြင့် ဤထောက်ပံ့မှုပုံစံမျိုး ရရှိကြောင်းဆိုပါသည်။ လူတွေ့မေးမြန်းရာတွင်ပါဝင်သည့် အမျိုးသမီးအလုပ်သမားတစ်ဦးကမူ အစိုးရထံမှ အထောက်အပံ့ရရှိရန် ၎င်းတို့အနေဖြင့် အဘယ်ကြောင့်အရည်အချင်းမပြည့်မီကြောင်းကို မသိနားမလည်ကြောင်း ဆိုပါသည်။ ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပေါ်သည့် အကျပ်အတည်းကာလအတွင်း ၎င်းတို့အနေဖြင့် ခံနိုင်ရည်စွမ်းရည်မရှိသူများဖြစ်သော်လည်း၊ ရန်ကုန်တွင် မိသားစုသန်းခေါင်းစာရင်းမရှိသည့် ရွှေ့ပြောင်းနေထိုင်သူများသည် အစိုးရထောက်ပံ့ကြေးရရှိရန် အရည်အချင်းမပြည့်မီသူများဖြစ်မည်ဟု ၎င်းက ယူဆပါသည်။ ယေဘုယျအားဖြင့် ထောက်ပံ့မှုပုံစံများသည် အများအားဖြင့် တစ်ကြိမ်တည်းသာဖြစ်ပါသည်။

26 Smart Textile & Garments, Sequa, EU Nexus Response for Myanmar and UNOPS, 2020.

### ပုံ (၄) – အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများရရှိသည့် အထောက်အပံ့ပုံစံများ[27]




## ၄.၂။ ရွှေ့ပြောင်းနေထိုင်သည့် အတွေ့အကြုံများ

အစောပိုင်းတွင်ရည်ညွှန်းဖော်ပြထားသည့်အတိုင်းပင်၊အထည်ချုပ်အလုပ်သမားများ၏အရေးပါလှသည့်အရေအတွက်နှင့် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများသည် ပြည်တွင်းရွှေ့ပြောင်း အလုပ်သမားများဖြစ်ပါသည်။ ရွှေ့ပြောင်းနေထိုင်သည့် အတွေ့အကြုံပါဝင်ခြင်းသည် ၎င်းတို့ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများအား သိရှိနားလည်ရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်။ တုန့်ပြန်ဖြေကြားသူတစ်ဝက်ကျော် (၅၂ ရာခိုင်နှုန်း) က ရန်ကုန်မြို့သို့ ၎င်းတို့ ရွှေ့ပြောင်းရခြင်း၏ အဓိကအကြောင်းအရင်းသည် အလုပ်အကိုင်ရှာဖွေရန်ဖြစ်ကြောင်း ဖော်ပြကြပါသည်။ တုန့်ပြန်ဖြေကြားသူများ၏ ၁၀ ရာခိုင်နှုန်းက ၎င်းတို့ ထိုသို့ရွှေ့ပြောင်းရခြင်းမှာ ၎င်းတို့၏ မိသားစုဝင်များနောက်သို့ လိုက်ပါခြင်းနှင့် ပညာရေးအခွင့်အလမ်းများကြောင့် ဖြစ်ကြောင်းဆိုပါသည်။

ဇယား (၅) တွင် မူရင်းနေထိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများ၏ အနေအထားအရ၊ ရွှေ့ပြောင်းနေထိုင်သူများ၏ ထူးခြားသည့်လက္ခဏာရပ်များကို ဖော်ပြထားပါသည်။ တုန့်ပြန်ဖြေကြားသည့် ရွှေ့ပြောင်းနေထိုင်သူတစ်ဝက်ကျော် (၆၃ ရာခိုင်နှုန်း) သည် ရန်ကုန်မြို့တွင် တစ်ဦးတည်းနေထိုင်သူများဖြစ်ကြပြီး၊ ကျန် ၃၇ ရာခိုင်နှုန်းသည် မိသားစုများနှင့်အတူ နေထိုင်ကြသူများဖြစ်ပါသည်။ လူတွေ့မေးမြန်းသည့်အချိန်တွင် တုန့်ပြန်ဖြေကြားသူများ၏ တစ်ဝက်ကျော် (၅၂ ရာခိုင်နှုန်း) က ၎င်းတို့မူရင်းနေထိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးသို့ ပြန်လည်သွားရောက်ခဲ့ကြပြီး ဖြစ်ကြောင်းဆိုပါသည်။ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူအများဆုံးသည် ဧရာဝတီတိုင်းဒေသကြီး (၃၂ ရာခိုင်နှုန်း) နှင့် မကွေးတိုင်းဒေသကြီး (၂၃ ရာခိုင်နှုန်း) တို့မှ ဖြစ်ပါသည်။

27 တုန့်ပြန်ဖြေကြားသူများအနေဖြင့် ရွေးချယ်စရာနှစ်ခုကို ရွေးချယ်နိုင်ပြီး၊ တွက်ချက်မှုကို တုန့်ပြန်ဖြေကြားမှုများ၏ ၁၀၀ ရာခိုင်နှုန်းအပေါ်အခြေခံပြီး တွက်ချက်ပါသည်။

ဇယား (၅) – မူရင်းနေထိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ရန်ကုန်မြို့တွင် ရွှေ့ပြောင်း နေထိုင်သူများ၏ အဆင့်အတန်း

| မူရင်းနေထိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး | ရန်ကုန်တွင်တစ်ဦးတည်း နေထိုင်သူများ (%) | ရန်ကုန်တွင်မိသားစုဝင်များနှင့် အတူနေထိုင်သူများ (%) |
| --- | --- | --- |
| | ၆၃ | ၃၇ |
| ရခိုင် | ၁၅ | ၇ |
| ပဲခူး | ၁၁ | ၁၁ |
| မကွေး | ၂၃ | ၁၈ |
| ဧရာဝတီ | ၃၂ | ၅၀ |
| အခြားပြည်နယ်များ/တိုင်းဒေသကြီးများ | ၂၀ | ၁၄ |

## ၄.၃။ ငွေလွှဲပို့ခြင်းနှင့် မိသားစုအားထောက်ပံ့ခြင်း

အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ၏ ၃၃ ရာခိုင်နှုန်းသည် ၎င်းတို့၏အလုပ်ထုတ်နစ်နာကြေး များအား မိသားစုများထံပေးပို့ခြင်းအတွက် အသုံးပြုခဲ့ကြသည် ဟူသော ယခင်ဖော်ပြထားသည့်အချက် အလက်များက အလုပ်ထုတ်ပယ်ခံရသည့်အလုပ်သမားများ၏ မိသားစုများ၏ အသက်မွေးမှုသည် ၎င်းတို့၏ဝင်ငွေအပေါ်မှီခိုနေရခြင်းဖြစ်ကြောင်း ဖော်ပြနေပါသည်။ ဇယား (၆) တွင် ၂၀၁၉ ခုနှစ်တွင် အလုပ်သမားများ၏ ငွေလွှဲပို့မှုများနှင့် ၂၀၂၀ ခုနှစ်၊ မတ်လနှင့် ဩဂုတ်လ အကြား ငွေလွှဲပို့မှုများကို နှိုင်းယှဉ်ဖော်ပြထားပါသည်။ တုန့်ပြန်ဖြေကြားသူအများအပြား (၇၈ ရာခိုင်နှုန်း) က ၂၀၁၉ ခုနှစ်တွင် ၎င်းတို့အနေဖြင့် ငွေလွှဲပို့နိုင်စွမ်းရှိခဲ့ကြောင်းဖော်ပြကြပြီး၊ ယင်းနှင့်နှိုင်းယှဉ်ပါက၊ ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပွားနေသည့် ၂၀၂၀ ခုနှစ်၊ မတ်လ နှင့် ဩဂုတ်လအကြားကာလတွင် တုန့်ပြန်ဖြေကြားသူ များ၏ ၅၅ ရာခိုင်နှုန်းသာ ငွေလွှဲပို့နိုင်ခဲ့ကြပါသည်။

၂၀၁၉ ခုနှစ်တွင် တုန့်ပြန်ဖြေကြားသူများငွေလွှဲပို့ခဲ့သည့်ပမာဏကို ထည့်သွင်းစဉ်းစားပါက၊ အောက်တွင်ဖော်ပြထားသည့်ဇယားက ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပွားနေသည့် လွန်ခဲ့သော ၆ လတာကာလတွင် ငွေလွှဲပို့မှုပမာဏနှင့် မျှတသည့်နှိုင်းယှဉ်မှုလုပ်ဆောင်ရန်အတွက်၊ ၂၀၁၉ ခုနှစ်အချိန် ၆ လတာကာလတွင် ငွေလွှဲပို့သည့် တုန့်ပြန်ဖြေကြားသူအရေအတွက်ပမာဏကို ချိန်ညှိဖော်ပြထားပါသည်။ ဤအချက်နှင့် ပတ်သက်ပြီး၊ အချက်အလက်များမရှိခြင်းကြောင့် ဤနှိုင်းယှဉ်မှုအတွက် အချိန်အခါရာသီအလျောက် သက်ရောက်မှုရှိသည့် အနေအထားကို ထည့်သွင်းစဉ်းစားခြင်းမပြုပါ။ တွေ့ရှိချက်များအရ၊ ၂၀၁၉ ခုနှစ်၊ ၆ လတာကာလနှင့်နှိုင်းယှဉ်ပါက၊ လွန်ခဲ့သည့် ၆ လတာကာ (၂၀၂၀ ခုနှစ်၊ မတ်လ မှ ဩဂုတ်လအထိ) တွင် ပျမ်းမျှငွေလွှဲပို့မှုပမာဏသည် ၅၆ ရာခိုင်နှုန်း လျော့နည်းသွားခဲ့ပါသည်။ အထင်ရှားဆုံးဖြစ်သည့် လျော့နည်းမှု (–၆၉ ရာခိုင်နှုန်း) သည် စက်ရုံတွင် လုပ်သက် ၃ နှစ်နှင့် ယင်းနှင့်အထက်ရှိသော အလုပ်ထုတ်ပယ်ခံရသည့် ရွှေ့ပြောင်းအလုပ်သမားများအကြားတွင် ဖြစ်ပါသည်။ ၎င်းတို့အဖို့၊ ယခင်အချိန်တွင် ၆ လအတွင်း အမေရိကန်ဒေါ်လာ ၇၅၃ ငွေလွှဲပို့နိုင်ခဲ့သော်လည်း၊ ၂၀၂၀ ခုနှစ်အတွင်း တွင် အမေရိကန်ဒေါ်လာ ၂၃၅ သာ ပေးပို့ရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ငွေလွှဲပို့ရာတွင် လျော့နည်းမှု အနည်းဆုံး (–၄၁ ရာခိုင်နှုန်း) ဖြစ်သည့် ရွှေ့ပြောင်းအလုပ်သမားအစုအဖွဲ့များမှာ စက်ရုံတွင် ၂ နှစ်နီးပါး လုပ်ကိုင်လျက်ရှိသူများဖြစ်ပါသည်။

### ဇယား (၆) – ကိုဗစ် – ၁၉ ကပ်ရောဂါ မတိုင်မီ ငွေလွှဲပို့မှု

| အလုပ်လုပ်ကိုင်သည့် ကာလ (လုပ်သက်) | ၂၀၁၉ ခုနှစ် (ဇန်နဝါရီ – ဒီဇင်ဘာ) တွင် ငွေလွှဲပို့မှု ပမာဏ (မြန်မာကျပ်)[28] | အမေရိကန် ဒေါ်လာ | ၂၀၁၉ ခုနှစ်၊ နှစ်ဝက် အတွင်း ငွေလွှဲပို့မှုပမာဏ (ချိန်ညှိထားသည် – ၂၀၁၉ ခုနှစ်တွင် ပေးပို့သည့် စုစုပေါင်း ပမာဏကို ၂ ဖြင့် စားသည်) | အမေရိကန် ဒေါ်လာ | လွန်ခဲ့သည့် ၆ လ အတွင်း ငွေလွှဲပို့မှု ပမာဏ (၂၀၂၀ ခုနှစ်၊ မတ်လ – ဩဂုတ်လ) (မြန်မာကျပ်) | အမေရိကန် ဒေါ်လာ | % ပြောင်းလဲမှု |
|---|---|---|---|---|---|---|---|
| လုပ်သက် တစ်နှစ်အောက် | ၉၈၄၂၈၆ | ၇၀၅ | ၄၉၂၁၄၃ | ၃၅၃ | ၂၂၃၇၁၀ | ၁၆၀ | -၅၅% |
| လုပ်သက် ၁၂ လမှ ၂၃ လ | ၁၀၀၈၀၇၇ | ၇၂၂ | ၅၀၄၀၃၉ | ၃၆၁ | ၂၉၉၄၄၄ | ၂၁၄ | -၄၁% |
| လုပ်သက် ၂၄ လ မှ ၃၅ လ | ၁၂၉၁၆၆၇ | ၉၂၅ | ၆၄၅၈၃၄ | ၄၆၃ | ၃၃၃၃၃၃ | ၂၃၉ | -၄၈% |
| လုပ်သက် ၃ နှစ်နှင့် အထက် | ၂၁၀၄၂၈၆ | ၁၅၀၇ | ၁၀၅၂၁၄၃ | ၇၅၃ | ၃၂၈၇၅၀ | ၂၃၅ | -၆၉% |

## ၄.၄။ ကိုင်တွယ်ဖြေရှင်းသည့် နည်းဗျူဟာများ


ဘဝရှင်သန်ရန်အတွက် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများသည် အမျိုးမျိုးသောနည်းဗျူဟာများကို လုပ်ဆောင်ခဲ့ကြပါသည်။ ယင်းတို့အနက်တစ်ခုတွင် ငွေချေးယူခြင်း ပါဝင်ပါသည်။ တုန့်ပြန်ဖြေကြားသူ ၃ ပုံ ၁ ပုံကျော် (၃၇ ရာခိုင်နှုန်း) က ၎င်းတို့အနေဖြင့် လွန်ခဲ့သည့် ၆ လတာကာလ (၂၀၂၀ ခုနှစ်၊ မတ်လ မှ ဩဂုတ်လ) တွင် ငွေချေးယူခဲ့ကြရကြောင်း ဆိုပါသည်။ ယင်းငွေချေးယူသူများထဲမှ တစ်ဝက်နီးပါး (၄၇ ရာခိုင်နှုန်း) သည် အမေရိကန်ဒေါ်လာ ၇၂ ဒေါ်လာအောက် လျော့နည်းသည့်ပမာဏကို ချေးယူခဲ့ကြရပြီး၊ ၂၇ ရာခိုင်နှုန်းသည် ၇၃ ဒေါ်လာနှင့် ၁၄၃ ဒေါ်လာအကြား ချေးယူခဲ့ကြရကာ၊ ၂၆ ရာခိုင်နှုန်းသည် ၁၄၄ ဒေါ်လာထက်ကျော်လွန်သည့်ပမာဏကို ချေးယူခဲ့ကြရပါသည်။ ယင်းငွေချေးယူသူများထဲမှ ၈၀ ရာခိုင်နှုန်းက သုတေသနပြုလုပ်နေသည့်အချိန်အထိ ၎င်းတို့တွင် ထိုကြွေးမြီများရှိနေသေးကြောင်း ဆိုပါသည်။ တုန့်ပြန်ဖြေကြားသူများက ဤချေးငွေများအပေါ် ပျမ်းမျှအတိုးနှုန်းသည် အဓိကအားဖြင့် တရားမဝင် ငွေတိုးချေးစားသူများထံမှ တစ်လလျှင် ၁၀.၃ ရာခိုင်နှုန်းဖြစ်ကြောင်းဆိုပါသည်။[29] ထိုမြင့်မားလှသည့်အတိုးနှုန်းများနှင့် ဝင်ငွေမရှိခြင်းတို့ကြောင့် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများသည် အကြွေးသံသရာထဲသို့ အကာအကွယ်မဲ့စွာ ဆင်းသက်နေကြရပါသည်။

ငွေချေးယူခြင်းနှင့်ပတ်သက်ပြီး အစီအစဉ်ဖော်ပြထားသည့် အကြောင်းရင်းများအား ထပ်မံစိစစ်စိတ်ဖြာမှုက တုန့်ပြန်ဖြေကြားသူတစ်ဝက်ကျော် (၅၆ ရာခိုင်နှုန်း) သည် မရှိမဖြစ်လိုအပ်သည့် အစားအသောက် ကုန်ကျစရိတ်ကာမိစေရန်အတွက် ငွေချေးယူခဲ့ကြရကြောင်း ဖော်ပြနေပါသည်။ ယခင်ရလဒ်များက အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားအများစုသည် ၎င်းတို့၏ အလုပ်ထုတ်နစ်နာကြေးကို အစားအသောက်အတွက် (၃၄ ရာခိုင်နှုန်း) အသုံးပြုခဲ့ကြောင်း ဆိုပါသည်။ အလုပ်သမားများအဖို့ အစားအသောက်ကို ဦးစားပေးရခြင်းသည် ၎င်းတို့၏ အခြေခံလိုအပ်ချက်ပြည့်ဝစေရန် အရေးကြီးသည့် အနေအထားကို ပုံဖော်နေပါသည်။ အချို့သောတုန့်ပြန်ဖြေကြားသူများ ငွေချေးယူရသည့် အခြားသောအကြောင်းအရင်း

28 ဤစိစစ်စိတ်ဖြာမှု၏ ကန့်သတ်ချက်တစ်ခုမှာ အချိန်အခါရာသီအလျောက်ဖြစ်ပေါ်သည့် မည်သည့်ပြောင်းလဲမှုမျိုးကိုမျှ ထည့်သွင်းစဉ်းစားမှုမပြုခြင်းဖြစ်ပါသည်။
29 ဖြစ်ပေါ်သည့်ကိစ္စရပ်အများစုတွင် ဤချေးငွေများကို တရားမဝင်ငွေတိုးချေးစားသည့် အဖွဲ့အစည်းများ သို့မဟုတ် ငွေတိုး ချေးစားသူများထံမှ ချေးယူကြရပါသည်။

တစ်ခုမှာ နေရာထိုင်ခင်းကုန်ကျစရိတ်အတွက် ဖြစ်ပါသည်။ အစောပိုင်းတွင် ဖော်ပြထားသည့်အတိုင်း၊ နေရာထိုင်ခင်းကုန်ကျစရိတ်သည် မြင့်မားလာခဲ့ပြီး၊ အထူးသဖြင့်၊ ရွှေ့ပြောင်းနေထိုင်သည့် အခန်းဖော်များ ပြန်လည်မရောက်ရှိလာသည့်နောက်တွင် နေရာထိုင်ခင်းကုန်ကျစရိတ်အတွက် တစ်ဦးတည်းပေးရသည့် သူများဖြစ်ပါသည်။ တုန့်ပြန်ဖြေကြားသူများ၏ ၄ ပုံ ၁ ပုံ (၂၅ ရာခိုင်နှုန်း) သည် မိသားစုကိုထောက်ပံ့ရန်အတွက် ငွေချေးယူခဲ့ကြရပါသည်။ အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများသည် ၎င်းတို့၏ မိသားစုများအား ဆက်လက်ထောက်ပံ့ရန် အလွန်ကြီးမားသည့် တာဝန်ရှိကြပါသည်။ ဤအလုပ်သမားများသည် ၎င်းတို့၏ ကောင်းကျိုးချမ်းသာအတွက် သာမကဘဲ၊ မိသားစုများအတွက်ပါ ဝန်ထုပ်ဝန်ပိုးနှစ်ဆ ထမ်းရွက်ထားရသူများဖြစ်ပါသည်။

## ပုံ (၆) ငွေချေးယူရခြင်းနှင့်ပတ်သက်ပြီး အစီရင်ခံတင်ပြထားသည့် အကြောင်းရင်းများ




မိသားစုဝင်များအား ငွေကြေးထောက်ပံ့ရန် အရေးကြီးခြင်းနှင့်ပတ်သက်ပြီး၊ ပို၍သရုပ်ပုံဖော်ရန်မှာ၊ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၏ ၈၉ ရာခိုင်နှုန်းက မိသားစုဝင်များထံ ငွေပို့ပေးရန်မှာ ၎င်းတို့အတွက် မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်ကြောင်းဆိုပါသည်။ အလားတူပင်၊ ရန်ကုန်ဇာတိဖြစ်သော တုန့်ပြန်ဖြေကြားသူအများစု (၈၁ ရာခိုင်နှုန်း) က မိသားစုကိုထောက်ပံ့ရန် အရေးကြီးကြောင်း ဆိုပါသည်။ ကိုဗစ် – ၁၉ ကပ်ရောဂါနှင့် အလုပ်အကိုင်များ ဆုံးရှုံးခြင်းကြောင်း ဆက်လက်ဖြစ်ပေါ်နေသည့် ဖိအားများရှိသော်လည်း၊ အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများသည် ၎င်းတို့၏ မိသားစုများအတွက် ဖြည့်ဆည်းပံ့ပိုးပေးရမည့်လိုအပ်မှုများ ပြည့်မီစေရေးအတွက် လုပ်ဆောင်နေရဆဲဖြစ်ပါသည်။

# ၅။ အလုပ်အကိုင် ပြန်လည်ရရှိသည့် အတွေ့အကြုံများ

ဤအပိုင်းတွင် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများကို မည်ကဲ့သို့ ရှာဖွေခဲ့ကြရကြောင်းကို ရှင်းလင်းဖော်ပြပေးမည်ဖြစ်ပါသည်။ ကပ်ရောဂါဖြစ်ပေါ်နေသည့်အချိန်နှင့် အထည်ချုပ်လုပ်ငန်းကဏ္ဍကဲ့သို့သော လုပ်ငန်းတစ်ခုတွင် တုန့်ပြန်ဖြေကြားသူများသည် ၎င်းတို့ယခင်လုပ်ကိုင်ခဲ့သည့် လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်ရန် အခွင့်အလမ်းများပြန်လည်ရရှိပါက ယင်းတွင်ပြန်လည်လုပ်ကိုင်ခြင်း သို့မဟုတ် အလုပ်အကိုင်အသစ်ရှာဖွေခြင်းကို ရွေးချယ်ရသည့်အနေအထားမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ကြရပါသည်။ အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများအနက် တုန့်ပြန်ဖြေကြားသူများ၏ ၇၀ ရာခိုင်နှုန်းသည် အလုပ်လက်မဲ့ဘဝနှင့်ရှိနေဆဲဖြစ်ပြီး၊ ၁၆ ရာခိုင်နှုန်းသည် ၎င်းတို့၏ ယခင်လုပ်ငန်းခွင်တွင် ပြန်လည်လုပ်ကိုင်လျက်ရှိကြောင်းကို ဤလေ့လာမှုက တွေ့ရှိထားပါသည်။ ကျန်သည့် ၁၄ ရာခိုင်နှုန်းသည် လက်ရှိအချိန်တွင် အလုပ်အကိုင်သစ် (အခြား အထည်ချုပ်စက်ရုံတစ်ခု သို့မဟုတ် အခြားလုပ်ငန်းကဏ္ဍတစ်ခု) တွင် လုပ်ကိုင်လျက်ရှိနေပါသည်။ ယာယီအလုပ် ထုတ်ပယ်ခံရပြီး၊ ယခင်လုပ်ငန်းခွင်တွင် အလုပ်အကိုင် ပြန်လည်ရရှိသည့် အလုပ်သမားအများစုမှာ ရန်ကုန်တိုင်းဒေသကြီးမှ (၂၇ ရာခိုင်နှုန်း) ဖြစ်ပြီး၊ ဒုတိယအနေဖြင့် ပဲခူးတိုင်းမှ (၂၃ ရာခိုင်နှုန်း) ဖြစ်ကာ၊ တတိယအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးမှ (၁၇ ရာခိုင်နှုန်း) ဖြစ်ပါသည်။

ရခိုင်ပြည်နယ်[30]မှ လာရောက်လုပ်ကိုင်သည့် အလုပ်ထုတ်ပယ်ခံရသော မည်သည့်အလုပ်သမားမျှ အလုပ်ပြန်လည်လုပ်ကိုင်နိုင်ခြင်းမရှိသလို အလုပ်သစ်လည်းရှာဖွေနိုင်ခြင်းမရှိပါ။ ၎င်းတို့သည် အလုပ်လက်မဲ့ဘဝဖြင့် ရှိနေဆဲပင်ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများသည် အလုပ်အကိုင်အများဆုံးရှိသည့် နေရာနှင့်ပိုမိုနီးစပ်မှု ရှိပါသည်။ ရခိုင်ပြည်နယ်မှ အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများသည် အခွင့်မသာသည့် အခြေအနေတွင်ရှိနေခဲ့ကြပြီး၊ အထူးသဖြင့် ၎င်းတို့အနေဖြင့် ၎င်းတို့ဇာတိဒေသရှိနေအိမ်များသို့ပြန်လည်သွားရောက်ခဲ့ပါက၊ မိမိတို့အိမ်တွင် နေထိုင်ရမည်ဟူသော စည်းကမ်းသတ်မှတ်ချက်များ အာဏာသက်ဝင်သည့် အနေအထားမျိုးတွင် ဖြစ်ပါသည်။ မိမိတို့နေအိမ်များတွင် နေထိုင်ရမည်ဟူသော မူဝါဒများသည် အလုပ်သမားများ၏ အသက်မွေးမှုနှင့် နိုင်ငံအတွင်း အလွယ်တကူရွှေ့လျားသွားလာနိုင်သည့် အခြေအနေများကို ဆိုးရွားစွာရိုက်ခတ်ပါသည်။ အခြားထည့်သွင်းစဉ်းစားရမည့်အချက်တစ်ခုမှာ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလအစပိုင်းတွင် ရခိုင်ပြည်နယ်သည် ရောဂါဖြစ်ပွားမှုမြင့်မားသည့် အခြေအနေနှင့်ကြုံတွေ့ခဲ့ရပြီး၊ ခွင့်ပြုချက်မရှိဘဲခရီးသွားလာခွင့်ပိတ်ပင်ခြင်းနှင့်အတူ မိမိတို့ နေအိမ်များတွင်သာ နေထိုင်ကြရမည်ဟူသော အမိန့်အောက်တွင် ရှိနေခဲ့ပါသည်။[31]

30 သုတေသနပြုလုပ်ရာတွင်ပါဝင်သော အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမား ၁၅၀ အနက် တုန့်ပြန်ဖြေကြားသူ ၁၄ ဦးက ရခိုင်ပြည်နယ်သည် ၎င်းတို့၏ ဇာတိပြည်နယ်ဖြစ်ကြောင်း ဖော်ပြပါသည်။

31 Devdiscourse, 2020.

**ဇယား (၇) – တုန့်ပြန်ဖြေကြားသူများ၏ မူရင်းနေထိုင်ရာဒေသအလိုက် အလုပ်အကိုင်ရရှိမှု အနေအထား**

| | ရခိုင် | ပဲခူး | မကွေး | ဧရာဝတီ | အခြား ပြည်နယ်/တိုင်း ဒေသကြီးများ | ရန်ကုန် |
|---|---|---|---|---|---|---|
| | ၁၀% | ၉% | ၁၇% | ၃၃% | ၁၄% | ၁၈% |
| ယခင်စက်ရုံတွင် အလုပ်ပြန်လည်လုပ်ကိုင်ခြင်း | ၀% | ၂၃% | ၁၆% | ၁၇% | ၁၀% | ၂၇% |
| အလုပ်အကိုင်သစ်တွင် ပြန်လည်လုပ်ကိုင်ခြင်း | ၀% | ၂၃% | ၁၆% | ၁၀% | ၂၄% | ၁၂% |
| အလုပ်လက်မဲ့ဘဝဖြစ်နေဆဲ | ၁၀၀% | ၅၄% | ၆၈% | ၇၃% | ၆၇% | ၆၂% |

## ၅.၁။ အလုပ်အကိုင်အသစ်တွင် ကြုံတွေ့ရသည့် အခြေအနေများ

ကောက်ယူထားသည့် အချက်အလက်များအရ၊ ယခင် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားအများစု (၈၁ ရာခိုင်နှုန်း) က ၎င်းတို့၏ အလုပ်အကိုင်သစ်သည် အထည်ချုပ်လုပ်ငန်းတွင်ဖြစ်ကြောင်းဆိုပါသည်။ အနည်းငယ်မျှကသာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကဏ္ဍသို့ ရွှေပြောင်းလုပ်ကိုင်ခဲ့ကြပါသည်။ အလုပ်အသစ်ရရန် အချိန်မည်မျှကြာမြင့်ကြောင်း မေးသောအခါတွင် တုန့်ပြန်ဖြေကြားသူတစ်ဝက်နီးပါး (၄၈ ရာခိုင်နှုန်း) က တစ်လနီးပါးကြာမြင့်ကြောင်း ဆိုပါသည်။ အခြားသူများ (၄၃ ရာခိုင်နှုန်း) အတွက်မူ ၁ လ မှ ၂ လအထိကြာမြင့်ကာ၊ တုန့်ပြန်ဖြေကြားသူအနည်းစု (၁၀ ရာခိုင်နှုန်း) ကမူ ၂ လကြာမြင့်ကြောင်း ဆိုပါသည်။ အလုပ်အကိုင်များရှာဖွေသောအခါတွင် လူမှုရေးဆိုင်ရာချိတ်ဆက်မှု အားကောင်းမှုသည် အလွန်ပင်သိသာထင်ရှားပြီး၊ တုန့်ပြန်ဖြေကြားသူအများစု (၅၇ ရာခိုင်နှုန်း) က ၎င်းတို့အနေဖြင့် မိတ်ဆွေသူငယ်ချင်းများနှင့် ဆွေမျိုးများ၏အကူအညီဖြင့် အလုပ်အကိုင်များရရှိကြောင်းဆိုပါသည်။ တစ်ချိန်တည်းမှာပင်၊ တုန့်ပြန်ဖြေကြားသူများ၏ ၃ ပုံ ၁ ပုံက အလုပ်ကို ၎င်းတို့ကိုယ်တိုင် ရှာဖွေရရှိခဲ့ကြကြောင်းဆိုပါသည်။


**ဇယား (၈) – အလုပ်ထုတ်ပယ်ခြင်းမခံရမီအချိန်နှင့် အလုပ်အကိုင်ရာထူးအသစ်တို့အကြား လုပ်ခလစာပြောင်းလဲမှုများ**

| | အလုပ်ထုတ်ပယ်ခြင်း မခံရမီရရှိသည့် လုပ်ခလစာ | အမေ ရိကန် ဒေါ်လာ | လုပ်ခ လစာ အသစ် | အမေ ရိကန် ဒေါ်လာ | % ပြောင်း လဲမှု |
|---|---|---|---|---|---|
| ယခင်လုပ်ငန်းခွင်တွင် ပြန်လည်လုပ်ကိုင်ခြင်း | ၂၀၁၂၀၈.၃ | ၁၄၄ | ၁၇၅၉၀၄.၃ | ၁၂၆ | -၁၃% |
| အလုပ်အကိုင် အသစ်တွင် လုပ်ကိုင်ခြင်း | ၂၁၂၆၄၀ | ၁၅၂ | ၁၈၅၀၀၀ | ၁၃၂ | -၁၃% |

ဇယား (၈) တွင် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ ၎င်းတို့ယခင်လုပ်ကိုင်ခဲ့သည့် လုပ်ငန်းခွင်တွင် ပြန်လည်လုပ်ကိုင်၍ ရရှိသည့်လုပ်ခလစာနှင့် အလုပ်အကိုင်သစ်တွင်လုပ်ကိုင်သည့် အလုပ်သမားများ၏ လုပ်ခလစာ မတူညီပြောင်းလဲမှုများကို ဖော်ပြထားပါသည်။ တုန့်ပြန်ဖြေကြားသူများ ဖော်ပြသည့်အချက်အလက်များက ယခင်လုပ်ငန်းခွင်တွင် ပြန်လည်လုပ်ကိုင်သူများနှင့် အလုပ်အကိုင်အသစ်တွင် လုပ်ကိုင်သူများသည် လုပ်ခလစာလျော့နည်းသွားသည့် အတွေ့အကြုံကို အတူတူခံစားကြုံတွေ့ခဲ့ကြကြောင်း ဖော်ပြနေပါသည်။ ဤအချက်က အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပေါ်နေစဉ်အချိန်အတွင်း၊ ယင်းကပ်ရောဂါကြောင့် ယေဘုယျအားဖြင့် အလုပ်သမားများ၏ ဝင်ငွေသည် လျော့နည်းကျဆင်းသွားသည့် အနေအထားကို ထင်ဟပ်စေပါသည်။


အလုပ်အကိုင်အသစ်ကို ရှာဖွေနိုင်သည့် အလုပ်ထုတ်ပယ်ခံရသော အလုပ်သမားများနှင့်မတူဘဲ၊ အလုပ်လက်မဲ့ဖြစ်နေဆဲ အလုပ်သမားများက ၎င်းတို့အသက်မွေးမှုအတွက် အလုပ်အကိုင်အသစ်ရရှိနိုင်ရေးအတွက် စိုးရိမ်ပူပန်မှုများကို ဖော်ပြကြပါသည်။ အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများအနက် တုန့်ပြန်ဖြေကြားသူများ၏ ၄၃ ရာခိုင်နှုန်းက ၎င်းတို့အနေဖြင့် အလုပ်အကိုင်အသစ်ကို ရှာဖွေနေလျက်ရှိကြောင်း ဆိုပါသည်။ ပုံ (၇) တွင် ဖော်ပြထားသည့်အတိုင်း၊ ၎င်းတို့ ယခင်လုပ်ကိုင်ခဲ့သည့် လုပ်ငန်းခွင်တွင် အလုပ်ပြန်လည်ရရှိနိုင်မည်ဟု ထင်မြင်ပါသလားဟု မေးမြန်းသောအခါတွင် ၃၇ ရာခိုင်နှုန်းက ထိုသို့အလုပ်ပြန်ရရန် မဖြစ်နိုင်ကြောင်းဆိုပါသည်။ သိသိသာသာခြားနားသည့်အချက်မှာ အနည်းငယ်မျှသော ရာခိုင်နှုန်း (၄ ရာခိုင်နှုန်း) ကသာ ထိုသို့အလုပ်ပြန်လည်ရရှိနိုင်မည်ဟု ထင်မြင်ယူဆကြပါသည်။

### ပုံ (၇) – ယခင်လုပ်ငန်းခွင်တွင် အလုပ်ပြန်လည်ရရှိနိုင်မည့်အနေအထားနှင့်ပတ်သက်ပြီး အလုပ်သမားများ၏ အမြင်




အစိုးရထံမှ လက်ခံရရှိလိုသည့် အထောက်အပံ့အမျိုးအစားနှင့်စပ်လျဉ်းသည့် မျှော်လင့်ချက်များနှင့်ပတ်သက်ပြီး တုန့်ပြန်ဖြေကြားသူများ၏ ဖော်ပြချက်သည် အလွန်ပင်ရှင်းလင်းလှပါသည် (ပုံ – ၈)။ တုန့်ပြန်ဖြေကြားသူများ၏ တစ်ဝက်ကျော် (၆၄ ရာခိုင်နှုန်း) က ၎င်းတို့အနေဖြင့် အစိုးရထံမှ အထောက်အပံ့ရရှိရန် မျှော်လင့်ခဲ့ကြကြောင်း ဆိုပါသည်။ တုန့်ပြန်ဖြေကြားသူများ၏ အကြီးမားဆုံးသော ဦးစားပေးအရာမှာ အလုပ်အကိုင်ရှာဖွေခြင်း (၄၀ ရာခိုင်နှုန်း) ဖြစ်ပြီး၊ အခြေခံ အစားအသောက်လိုအပ်မှုက (၁၆ ရာခိုင်နှုန်း) ဖြစ်ကာ၊ အတိုးနှုန်းနည်းပါးစွာဖြင့် ငွေချေးယူလိုမှုက (၁၂ ရာခိုင်နှုန်း) ဖြစ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ရရှိရေးနှင့်ပတ်သက်ပြီး၊ အလုပ်သမားများ၏ အရေးတကြီးလိုအပ်မှုက အထည်ချုပ်အလုပ်သမားများနှင့် သိသာထင်ရှားစွာရိုက်ခတ်မှုဒဏ်ခံရသည့် အခြားသောလုပ်ငန်းကဏ္ဍများအတွက် ကိုဗစ် – ၁၉ ဆိုင်ရာ အလုပ်အကိုင်ဖန်တီးရေး နည်းဗျူဟာများချမှတ်ဆောင်ရွက်ရေး၏ အရေးပါမှုကို ဖော်ပြနေပါသည်။ ယခင်တွေ့ရှိချက်များတွင် ဖော်ပြထားသည့်အတိုင်း၊ အလုပ်သမားအများစုသည် ၎င်းတို့၏ အလုပ်ထုတ်နစ်နာကြေးများနှင့် ချေးယူရရှိသည့်ငွေများကို အစားအသောက်ဝယ်ယူရန် အသုံးပြုခဲ့ကြပါသည်။ တစ်ဖန်၊ ဤအချက်က အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ၏ ခုခံနိုင်စွမ်းအားနည်းမှုနှင့်၊ ၎င်းတို့နှင့် ၎င်းတို့မိသားစုများ၏ အခြေခံအသက်မွေးမှုအတွက် ဖြည့်ဆည်းပံ့ပိုးနိုင်စွမ်းမရှိသည့် အနေအထားများကို သရုပ်ပုံဖော်ပြသနေပါသည်။

## ပုံ (၈) – အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများမျှော်လင့်ခဲ့သည့် အထောက်အပံ့အမျိုးအစား



# ၆။ နိဂုံး

ဤအစီရင်ခံစာက ၂၀၂၀ ခုနှစ်တွင် မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် မရေရာလှသော အခြေအနေကို သရုပ်ပုံဖော်ပြသထားပါသည်။

အလုပ်အကိုင်မရှိ၊ ဝင်ငွေရပေါက်ရလမ်းမရှိခြင်းနှင့်အတူ၊ အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများသည် ၂၀၂၀ ခုနှစ်တွင် အလွန်ပင်ခုခံနိုင်မှုစွမ်းရည်မရှိဘဲလျက် အစားအသောက်နှင့် နေရာထိုင်ခင်းကဲ့သို့သော ၎င်းတို့၏အခြေခံလိုအပ်မှုများအတွက် ဖြည့်ဆည်းနိုင်စွမ်းမရှိခဲ့ကြပေ။ အတိုးနှုန်းမြင့်မားစွာဖြင့် ငွေချေးယူခြင်းသည် အသက်ရှင်သန်မှုနည်းလမ်းတစ်ရပ်ဖြစ်ကြောင်း အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများက ဆိုပါသည်။ အလုပ်လက်မဲ့ဆိုင်ရာ အစီအစဉ်မရှိခြင်းနှင့်အတူ၊ တရားဝင်ချေးငွေ ရရှိနိုင်မှုအခွင့်အလမ်း အကန့်အသတ်များရှိနေခြင်းကြောင့် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားအများအပြားသည် တရားမဝင်ငွေတိုးချေးစားသူများထံမှ ငွေချေးယူခြင်းများ လုပ်ဆောင်ခဲ့ကြရပါသည်။ တုန့်ပြန်ဖြေကြားသူများ၏ ၃၇ ရာခိုင်နှုန်းက ၎င်းတို့အနေဖြင့် ၂၀၂၀ ခုနှစ်၊ မတ်လနှင့် ဩဂုတ်လအတွင်းတွင် တစ်လလျှင် ပျမ်းမျှအတိုးနှုန်း ၁၀.၃ ရာခိုင်နှုန်းဖြင့် ငွေချေးယူခဲ့ကြရကြောင်း ဆိုပါသည်။ သုတေသနပြုလုပ်နေသည့်အချိန်တွင် ၎င်းတို့အများစုသည် ချေးငွေများပြန်ဆပ်နိုင်စွမ်း မရှိကြသေးပေ။

ဤသုတေသနလေ့လာမှုက အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ၏ ၄၅ ရာခိုင်နှုန်းသည် အလုပ်ထုတ်နစ်နာကြေးမရရှိကြောင်း တွေ့ရှိထားပါသည်။ စည်းမျဉ်းစည်းကမ်းများအပေါ် နည်းလည်မှုလွဲမှားခြင်း၊ ဥပဒေပါအခွင့်အရေးများနှင့်ပတ်သက်ပြီး အလုပ်သမားများ၏သိမြင်နားလည်မှုအနေအထားနှင့် ဝင်ထွက်သွားလာမှု ပိတ်ပင်ခြင်းဆိုင်ရာ ဆောင်ရွက်မှုများသည် ထိုသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းအရင်းများဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။ အလုပ်ထုတ်နစ်နာကြေးရရှိသူများအနေဖြင့်၊ ယင်းငွေကြေးအများစု (၃၄ ရာခိုင်နှုန်း) ကို အစားအသောက်အတွက်လည်းကောင်း၊ မိသားစုများထံ ငွေလွှဲပို့ခြင်းအတွက် (၃၃ ရာခိုင်နှုန်း) နှင့် နေရာထိုင်ခင်းအတွက် (၁၇ ရာခိုင်နှုန်း) သုံးစွဲခဲ့ကြပါသည်။

တစ်နိုင်ငံလုံးဝင်ထွက်သွားလာခွင့်ပိတ်ပင်ထားခြင်းနှင့် ရွှေ့လျားသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များနှင့် အတူဒွန်တွဲရှိနေသည့် ရွှေ့ပြောင်းနေထိုင်မှုအနေအထားက အလုပ်ထုတ်ပယ်ခံရသည့် ရွှေ့ပြောင်းနေထိုင်သူများသည် ကြီးမားသည့်အန္တရာယ်ရှိသည့် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်းပင်ဖြစ်ပါသည်။ သုတေသနပြုလုပ်နေသည့်အချိန်တွင် ရန်ကုန်ဇာတိ မဟုတ်သည့် တုန့်ပြန်ဖြေကြားသူများ၏ ၅၂ ရာခိုင်နှုန်းက ၎င်းတို့၏ နေရင်းဒေသသို့ ပြန်သွားခဲ့ကြကြောင်း ဖော်ပြကြပါသည်။ ကောက်ယူရရှိသည့် အချက်အလက်များကလည်း အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ၏ ငွေလွှဲပို့မှုများတွင် ၅၆ ရာခိုင်နှုန်းလျော့နည်းကျဆင်းသွားခဲ့ကြောင်း ဖော်ပြနေပါသည်။ အချို့သော အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများသည် ၎င်းတို့၏ နေရင်းဇာတိမြို့များရှိမိသားစုများထံ ငွေလွှဲပို့ရန်အတွက် ငွေများချေးယူခဲ့ကြရပါသည်။ ချေးယူခဲ့သည့် ငွေ၏ ၃၃ ရာခိုင်နှုန်းကို မိသားစုများထံ ငွေလွှဲပို့ခဲ့ကြရပါသည်။ ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ်အချိန်အတွင်း ၎င်းတို့နှင့် ၎င်းတို့မိသားစုများ၏ကောင်းကျိုးချမ်းသာအတွက် ဖြည့်ဆည်းပံ့ပိုးမှုများလုပ်ဆောင်ရန် ဝန်ထုပ်ဝန်ပိုး နှစ်ဆက်ထမ်းရွက်ထားကြရပါသည်။

၂၀၂၀ ခုနှစ်နှောင်းပိုင်း၊ အထည်ချုပ်စက်မှုလုပ်ငန်း ပြန်လည်နလံထူလာသည့် အချိန်ကာလအပိုင်းအခြားသည် မသေချာမရေရာမှုများ မြင့်မားသည့်အနေအထားတွင် ရှိနေပါသည်။ ထို့အပြင်၊ တရားဝင် ငွေချေးယူနိုင်မှုအခွင့်အလမ်း အကန့်အသတ်ဖြင့်ရှိနေခြင်းကြောင့် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ၏ သိသာထင်ရှားလှသည့် အရေအတွက်ပမာဏသည် အတိုးနှုန်းမြင့်မားစွာဖြင့် ငွေချေးယူခဲ့ကြရကာ၊ အများအပြားသည် ၎င်းတို့ချေးငွေကို ပြန်လည်ဆပ်နိုင်ခြင်းမရှိသည့် အနေအထားတွင် ရှိနေပါသည်။ ဤအခြေအနေကို ထည့်သွင်းစဉ်းစားပါက၊ ထိုအလုပ်အကိုင်ဆုံးရှုံးသူများအတွက် ဝင်ငွေအထောက်အပံ့ပြုသည့်အစီအစဉ်တစ်ရပ်သည် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများနှင့် ၎င်းတို့မိသားစုများ၏ အသက်မွေးမှုခက်ခဲမှုများကို လျော့နည်းသက်သာစေရေးအတွက် အလွန်အရေးကြီးပါသည်။ ဥရောပသမဂ္ဂ၏ အရေးပေါ် "မြန်ကူ" ရန်ပုံငွေသည် ၂၀၂၀ ခုနှစ်တွင် အလုပ်သမားများအတွက် အရေးကြီးသည့်ပံ့ပိုးမှုကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများအတွက် ပိုမိုကောင်းမွန်သည့် အထောက်အပံ့များကို ဖြည့်ဆည်းပံ့ပိုးရန်အတွက် ခိုင်မာအားကောင်းသည့် အလုပ်လက်မဲ့ဆိုင်ရာ အာမခံအစီအစဉ် တစ်ရပ်လိုအပ်ကြောင်း ကိုဗစ် – ၁၉ က သရုပ်ပုံဖော်ပြသနေပါသည်။ အလုပ်လက်မဲ့ဆိုင်ရာ အာမခံအစီအစဉ်တစ်ရပ်အတွက် မြန်မာနိုင်ငံလူမှုဖူလုံရေးဥပဒေအရ သတ်မှတ်ပြဌာန်းချက် တစ်ရပ်ရှိသော်လည်း ယင်းကို ချမှတ်ဆောင်ရွက်ရခြင်းမရှိသေးပေ။

၂၀၂၀ ခုနှစ်နှောင်းပိုင်းအချိန်၊ ဤစီရင်ခံစာအား ပြုစုရေးသားနေချိန်တွင် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ၏ ၇၀ ရာခိုင်နှုန်းနီးပါးသည် အချို့သောအချိန်များတွင် အလုပ်လက်မဲ့ဘဝဖြင့် ရှိနေဆဲဖြစ်ပါသည်။ ထိုအလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ၏ ၄၂ ရာခိုင်နှုန်းသည် သုတေသနပြုလုပ်နေစဉ်အချိန်တွင် အလုပ်အကိုင်ရှာဖွေခြင်းမရှိကြောင်း လေ့လာတွေ့ရှိချက်များက ဖော်ပြနေပါသည်။ တုန့်ပြန်ဖြေကြားသူအများစုက အစိုးရအနေဖြင့် အလုပ်အကိုင်ရှာဖွေရေးဆိုင်ရာ ပံ့ပိုးမှုကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်ကြောင်းဆိုပါသည်။

ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးခြင်း သို့မဟုတ် အလုပ်ထုတ်ပယ်ခံရသည့် အလုပ်သမားများ၏ ကျွမ်းကျင်မှုများကို အမျိုးမျိုးလုပ်ကိုင်စေရန်နှင့် အလုပ်အကိုင်ဈေးကွက်၏ လိုအပ်မှုများနှင့် ဝန်ဆောင်မှုများနှင့်ကျွမ်းကျင်မှုဖြည့်ဆည်း ဆောင်ရွက်မှုတို့ကို ယှဉ်တွဲချိတ်ဆက်ပေးရန်အတွက် ယင်းအလုပ်သမားများအား အခြားသောလုပ်ငန်းကဏ္ဍများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် ပံ့ပိုးကူညီခြင်း၏ အရေးပါမှုကို ဤလေ့လာမှုက သရုပ်ပုံဖော်ထားပါသည်။

# ၇။ မှီငြမ်း

Anner Mark, Nova Scot,t and Foxvog Liana, 2020, Unpaid Billion: Trade Data Show Apparel Order Volume and Prices Plummeted through June, Driven by Brands' Refusal Pay for Goods They Asked Suppliers to Make. PennState Centre for Global Workers' Rights (CGWR) ad Worker Rights Consortium. Research Brief. https://www.workersrights.org/wp-content/uploads/2020/10/Unpaid-Billions_October-6-2020.pdf

CARE, 2020. What is the impact of COVID-19 on the global garment industry? https://www.careinternational.org.uk/what-impact-covid-19-global-garment-industry

Centre for Economic and Social Development and the International Labour Organisation. 2020. Impact of COVID-19 on the Garment Sector in Myanmar: Assessing the Income Loss of Garment Workers. Yangon.

Clean Clothes Campaign (CCC), 2020, Live-blog: How the Coronavirus affects garment workers in supply chains, 13 October 2020 entry. https://cleanclothes.org/news/2020/live-blog-on-how-the-coronavirus-influences-workers-in-supply-chains

Cunningham,Wendy; Munoz, Moreno,Rafael; Rahardja,Sjamsu; Hollweg,Claire Honore; Leao,Izabela; Ekanayake,Indira Janaki; Ahmed,Md Mansur; Amin, Mohammed; Rab,Habib Nasser; Yoong,Pui Shen.2018. Myanmar's Future Jobs : Embracing Modernity : Main Report (English). Washington, D.C. : World Bank Group.

http://documents.worldbank.org/curated/en/958621536141390299/Main-Report

DevDicourse, 2020, Myanmar reports highest single-day spike of COVID-19 cases. 01 September 2020. https://www.devdiscourse.com/article/international/1193245-myanmar-reports-highest-single-day-spike-of-covid-19-cases

Hlaing Thazin, 2020, Lockdown Extension Leaves Yangon Factory Workers Broke, Facing Eviction: Myanmar Labour Groups. The Irrawaddy. 07 October 2020. https://www.irrawaddy.com/news/burma/lockdown-extension-leaves-yangon-factory-workers-broke-facing-eviction-myanmar-labor-groups.html

ILO, 2020. The Covid-19 garment crisis and its impacts on workers and factories in Asia and Pacific. Research Brief, August 2020.

IMF, 2020, COVID-19 Policy Tracker. https://www.imf.org/en/Topics/imf-and-covid19/Policy-Responses-to-COVID-19

KoBoToolbox, 2020. "About KoBoToolBox." https://www.kobotoolbox.org/

National Export Strategy of the Republic Union of Myanmar 2015-2019. https://www.intracen.org/uploadedFiles/intracenorg/Content/Redesign/Audience/policy_makers/2015-2019%20Myanmar%20-%20National%20Export%20Strategy.pdf

Maher, Sam, 2009. False Promises: Migrant workers in the Global Garment Industry CCC Discussion Paper. Clean Clothes Campaign.

Remington Chris, 2020, EU fund disperses US$4bn in Myanmar, but problems persist. ECOTextile. 07 October 2020. https://www.ecotextile.com/2020100726801/materials-production-news/eu-fund-disperses-us-4bn-in-myanmar-but-problems-persist.html

Thiha, Ko Ko, 2020, Myanmar govt to distribute cash to workers without social security. Myanmar Times. 27 September 2020. Link

**ILO Liaison Office in Myanmar**
No 1(A), Kanbae (Thitsar) Road
Yankin Township, Yangon,
Myanmar
Phone +95 1 7336538,  7336539